မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၅၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားမှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသသည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျောက်စိမ်းအရိုင်းတွဲများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကျောက်စိမ်းအရိုင်းတွဲများ ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားသော ကျောက်စိမ်းအရိုင်းတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ညနေ ၄နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာသို့ရောက်ရှိရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယကများ ဖြစ်ကြသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပြပွဲဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်၊အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးသိန်းဆွေ၊ ဗဟိုကော်မတီဝင်များနှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး မြန်မာကွန်ဗင်းရှင်းစင်တာ မေခခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ယခင် ကျောက်မျက်ရတနာများ ရောင်းချရမှုအခြေအနေ၊ ယခု (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပကုန်သည်များ ရောက်ရှိမှုနှင့် တက်ရောက်မည့် အခြေအနေ၊ ပြပွဲတွင်ရောင်းချမည့် ကျောက်မျက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မြန်မာကွန်ဗင်းရှင်းစင်တာ ပထမထပ်နှင့် ဝင်းအတွင်း ခင်းကျင်းပြသထားသော ကျောက်စိမ်းအရိုင်းတွဲများ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

ပြည်တွင်း၊ ပြည်ပ သတင်း ဆောင်းပါး အညွှန်း

အသားညိုအောင်ပြုလုပ်သည့် လူငယ်များ အရေပြားကင်ဆာ ဖြစ်ပွားနိုင်

အင်တာနက်–ကျန်းမာရေး (စာ –၄)

တပ်မတော်အစိုးရ ရှေ့ဆောင်တဲ့ နိုင်ငံထူထောင်ရေးလုပ်ငန်းတွေဟာ အရင်ဘယ်ခေတ်နဲ့မျှမတူအောင် အောင်မြင်တိုးတက်လာတယ်။

ဒီကနေ့ မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ကို အကောင်အထည်ဖော်နေပြီဖြစ်တယ်။

လှသိန်းငွေး၏ ဆောင်းပါး (စာ –၁၀၊ ၁၁)

တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ရိန်းနှင့် ဆောင်းဟေကို တရုတ်နိုင်ငံသို့ခရီးထွက်မည်

(စာ–၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ်လ ၈ ရက်)

ပြည်သူများ ဘေးအန္တရာယ်မဖြစ်စေရေး သတိပေးနှိုးဆော်ချက်များ လေးစားလိုက်နာ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်နိုင်သောရောဂါဖြစ်သည်။

၂၀၀၃ခုနှစ် ဒီဇင်ဘာလမှစ၍ အာရှနှင့် ဥရောပနိုင်ငံ ၅၆ နိုင်ငံသို့ ပျံ့နှံ့ခဲ့ရာ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၇ရက်နေ့အထိ နိုင်ငံ ၁၂ နိုင်ငံတွင် လူ ၂၇၅ဦး ဖြစ်ပွားပြီး ၁၆၇ဦး အသက်ဆုံးရှုံးခဲ့ရသည်။

ဆောင်းခိုငှက်တို့သည် ကြက်ငှက်တုပ်ကွေးရောဂါ (H_5 N_1) ဗိုင်းရပ်(စ်)ပိုးများကို သယ်ယူဖြန့်ဖြူးသည့် သတ္တဝါများဖြစ်နိုင်ကြောင်း သုတေသီတို့က ကောက်ချက်ချထားကြသည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် အိမ်မွေးကြက်ငှက်များမှ လူသို့ ကူးစက်ကာ ဆိုးရွားသော အသက်ရှူလမ်းကြောင်းရောဂါ၊ နမိုးနီးယားရောဂါတို့ ဖြစ်ပွားစေပြီး ကိုယ်တွင်းအင်္ဂါအားလုံးကို အချိန်တိုအတွင်း ပျက်စီးစေကာ သေဆုံးသည်အထိ ဖြစ်နိုင်သည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကြက်ခြံများအတွင်းသို့ လူအဝင်အထွက် မရှိစေရေး၊ ဒေသငှက်၊ ကျီးကန်း၊ ခို၊ စာကလေး စသည့်ငှက်များ ဝင်ရောက်မှု မရှိစေရေး စီမံဆောင်ရွက်ကြရမည့်အပြင် ကြက်ခြံနှင့်လူနေအိမ် သီးခြားထားရှိရေးနှင့် ကြက်၊ ဘဲအရှင်ဒိုင်များတွင် လူနေထိုင်အိပ်စက်မှုများ မပြုလုပ်ကြရေး သတိပြုဆင်ခြင်ကြရမည် ဖြစ်သည်။ ရောဂါသံသယဖြစ်ဖွယ် ကြားသိတွေ့ရှိလျှင် အနီးဆုံး ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ထံ အကြောင်းကြားရမည်ဖြစ်ပြီး ကြက်သေဆုံးမှုရှိပါက စနစ်တကျ မြေတူးမြှုပ်နှံကြရမည် ဖြစ်သည်။

(H_5 N_1) ရောဂါပိုးသည် ရိုးရိုးအပူချိန်နှင့် ရေခဲသေတ္တာအပူချိန်တို့တွင် ကောင်းစွာ အသက်ရှင်နေနိုင်သော်လည်း ရေပွက်ပွက်ဆူသော ဟင်းအိုးထဲတွင် နာရီဝက်ခန့်သာ ရှင်သန်နိုင်၍ ဟင်းကို ကျက်အောင် ချက်ပြုတ်စားသောက်ခြင်းသည် အန္တရာယ်အကင်းဆုံးဖြစ်သည်။ ထို့အတူ ဥများကို ပြုတ်ရာတွင် သေချာစွာ ကျက်အောင်ပြုတ်ပြီး စားသောက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအား ကြက်ငှက်တုပ်ကွေးရောဂါပိုးကြောင့် ဘေးအန္တရာယ်မဖြစ်စေရေး အတွက် ကြက်၊ ဘဲ၊ ငုံး မွေးမြူထုတ်လုပ်သူများ၊ ပုပြင်သယ်ဆောင် ရောင်းချသူများအနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ သတိပေးနှိုးဆော်ချက်များကို အလေးထား၍ ဝိုင်းဝန်းလိုက်နာ ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဇ္ဈိမ ဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်း (ဗုဒ္ဓဘာသာ) ပညာရေး ဗိမာန်တော်ကြီး အတွက် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်၁၀၉/၂၉၊ (၄) ရပ်ကွက်နေ ဒေါ်ကြည်ကြည်ဝင်း မိသားစုက ကျောင်းအလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် မဟာသိမ်တော်ကြီး စာချနာယက ဆရာတော် ဦးဂန္ဓသာရက ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံပြီး အလုပ်ဖြင့်သက်သေပြ ပြည်သူချစ်သော လျှပ်စစ်ဝန်ထမ်းများဖြစ်အောင် ကြိုးပမ်း

ရန်ကုန် မတ် ၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ်၄ရက်နံနက်ပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား သုံးစွဲမှုအခြေအနေများ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါညှိနှိုင်း အစည်းအဝေးသို့ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်မောင်စိုး၊ အင်ဂျင်နီယာချုပ်နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဓာတ်အားပေးစက်ရုံမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အဖွဲ့ဝင် ဦးထွန်းအေး၊ အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်မောင်စိုးတို့က ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မိမိတို့ အဖွဲ့စတင်တာဝန်ယူသည့်အချိန်မှစ၍ ဆောင်ရွက်ပြီးစီးခဲ့သည့် အခြေအနေများ၊ အိမ်သုံးမီတာများ စီမံချက်ချ တပ်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ တရားမဝင် သုံးစွဲနေမှုများ၊ ဖော်ထုတ်ဆောင်ရွက်မှု အခြေအနေများနှင့်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးများ အဆင့်အတန်းမြင့်မားအောင် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးက ရန်ကုန်မြို့တော်ကို လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ရေးအတွက် တာဝန်ရှိသူများ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ မိမိတို့၏ တာဝန်ဝတ္တရားများကိုလုပ်ချင်၊ ကိုင်ချင်စိတ် အပြည့်ဖြင့် အလေးအနက်ထား ဆောင်ရွက်စေလိုကြောင်း၊ ပြည်သူနှင့် ထိတွေ့ဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံပြီး အလုပ်ဖြင့် သက်သေပြကာ ပြည်သူကို အလုပ်အကျွေးပြုသော ပြည်သူချစ်သော လျှပ်စစ်ဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၈-၃-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅ ၉။ ဟဒယရွှင်လန်းအငြိမ့်ခန်း
၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၃၀ ၁၄။ လျှပ်တစ်ပြက်
၆း၃၅ ၁၅။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၂၇)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၁၂)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်း လမ်း အမှတ် ၁၉နေ ဒေါ်မြသန်း (ဆင်ပေါင်ဝဲ) မိသားစု တို့က သုံးထပ်ဘိုးဘွားဆောင်အဆောက်အအုံသစ်ကြီး အတွက် ငွေကျပ်ငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ရတနာလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၇

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြပွဲဗဟိုကော်မတီနာယက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားရာတွင် မြန်မာ့ကျောက်မျက်ရတနာများသည် အရည်အသွေးကောင်းမွန်ပြီး နိုင်ငံတကာသို့တိုင် ကျော်ကြားကာ လူကြိုက်များလျက်ရှိကြောင်း၊ ကျောက်မျက်ရတနာ ထုတ်လုပ် ရောင်းချရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝယ်လိုအားကောင်းမွန်လာပြီး နိုင်ငံတော်နှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအတွက်ပါ အကျိုးဖြစ်ထွန်းစေလျက် ရှိကြောင်း၊ ကျောက်မျက်ရတနာများအနက် မြန်မာ့ကျောက်မျက်ရတနာသည် လူကြိုက်များပြီး အရောင်းသွက်သည့် ရတနာတစ်မျိုးဖြစ်ကြောင်း၊ ထို့ကြောင့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့် ပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများအနေဖြင့် မိမိတို့တူးဖော်ထုတ်လုပ်ရရှိသည့် ကျောက်မျက်၊ ကျောက်စိမ်းများကို နိုင်ငံတော်က ကြီးမှူးကျင်းပသည့် ရတနာပြပွဲများတွင် တင်ပြရောင်းချရေးကိုလည်း အလေးထား လိုက်နာဆောင်ရွက်သွားကြရန် လိုကြောင်း။

တူးဖော်ထုတ်လုပ်

ကျောက်မျက်ရတနာများသည် ထုတ်လုပ်သုံးစွဲမှုအပေါ်မူတည်၍ ကုန်ခန်းနိုင်သည့် သဘာဝသယံဇာတများဖြစ်ကြောင်း၊ ထို့ကြောင့် ရေရှည်အကျိုးရှိအောင် နိုင်ငံတော်အကျိုးနှင့် မိမိတို့အကျိုးအတွက် မျှတစွာ စည်းကမ်းကျတူးဖော် ထုတ်လုပ်သွားကြရန်လည်း လိုအပ်ကြောင်း၊ ကျောက်မျက်ရတနာများကို အရိုင်းတုံးအလိုက် ကုန်ကြမ်းအဖြစ် ရောင်းချခြင်းထက် တန်ဖိုးမြင့် ကုန်ချောပစ္စည်းများ ထုတ်လုပ်ရောင်းချပါက ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်၍ နည်းပညာများရရှိရန်နှင့် ဈေးကွက်ရှာဖွေရေးအတွက်လည်း လုပ်ငန်းရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်က ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ် ရောင်းဝယ်ရေး လုပ်ငန်းများကို အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ လုပ်ငန်းရှင်များ အနေဖြင့်လည်း ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများကို နိုင်ငံတော်ကချမှတ်ထားသည့် ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန်နှင့် ပြည်တွင်း၌ ကျောက်မျက်ရတနာဈေးကွက် ခိုင်ခိုင်မာမာဖြစ်ထွန်းရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြပါဟု အကျယ်တဝင့် ပြောကြားသွားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ၊ ခွင့်ပြုမိန့်ရရှိသည့် လုပ်ကွက်များအတွက် အဆိုပြု ငွေပေးသွင်းမှုများ၊ ရတနာခွန်ပေးဆောင်မှုများ၊ ရတနာပြပွဲ တင်ပြရောင်းချမှုများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးများ၊ သဘာဝအန္တရာယ်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးများ၊ အကျိုးတူ တူးဖော်ခွင့်နှင့် ဖော်ထုတ်လုပ်ကွက် (အသစ်)များ လျှောက်ထားသည့်ကိစ္စများ စသည်တို့ကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

ရွေးချယ်

ယင်းနောက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရန် ပဏာမဖွဲ့စည်းထားသော နာယကအဖွဲ့ဝင်များနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များအား အဆိုပါ တွေ့ဆုံဆွေးနွေးပွဲက အများသဘောတူ ရွေးချယ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ တစ်လစခန်းပွဲ

ရန်ကုန် မတ် ၇

ဇလွန်မြို့ လမ်းမတော်မြောက် မြို့သစ်ရပ် ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၉၆) ဓမ္မရိပ်သာကြီးတွင် ဧပြီ ၆ ရက်မှ မေ ၅ ရက်အထိ တစ်လစခန်းပွဲကြီး ပြုလုပ်မည်ဖြစ်ရာ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယခံ တပည့်များဖြစ်သော ဆရာတော်အရှင် ဦးပညာတိက္ခ (သန်လျင်)၊ ဓမ္မကထိက ဆရာကြီးဦးကျော်စိန်နှင့် ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးအေးဖေတို့သည် ဗုဒ္ဓအလိုတော်ကျ ပရိညာသုံးပါး အခြေခံထား၍ ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါး ဝိပဿနာ လုပ်ငန်းစဉ်တရားများကို ဟောပြော ပြသကြမည်ဖြစ်သဖြင့် ရန်ကုန်မှလိုက်ပါလိုသော ယောဂီများ ဖုန်း-၅၅၄၄၃၅၊ ၅၈၄၈၆၇ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းရန်နှင့် သံဃာဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေ ပါဝင်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(က-ပ)**

အမှာစကားပြောကြား

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီစည်းဝေး

ရန်ကုန် မတ် ၇

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့ညနေ ၅ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ မေလီခခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် ပြပွဲ ဗဟိုကော်မတီဝင်များနှင့် ဆပ်ကော်မတီများဖြစ်ကြသော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ဘဏ္ဍာရေး၊ ပြန်ကြားရေးနှင့် စီမံခန့်ခွဲရေးဆပ်ကော်မတီများက (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြပွဲ ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို ကျယ်ကျယ်ပြန့်ပြန့်နှင့် အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေးအတွက် အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျေးလက်ကျောက်ချောလမ်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၇

မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဝိန်းနေ-ဝိန်းကောင်း ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်သည် ဇန်နဝါရီ ၃ ရက်က ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မြို့နယ်အမှုဆောင်အရာရှိ ဦးမင်းဆွေက ရှင်းလင်းတင်ပြသည်။ **(က-ပ)**

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဟောပြော

ရန်ကုန် မတ် ၇

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ပညာရေးအဖွဲ့ခွဲခေါင်းဆောင် ဒေါ်လွင်လွင်သည် မော်လမြိုင်တက္ကသိုလ်မှ ဆရာ ဆရာမများနှင့်ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဟောပြောပွဲများကို ဖေဖော်ဝါရီ ၂၄ ရက်မှစတင်ပြီး မတ် ၅ ရက်အထိ မွန်ပြည်နယ် ခြောက်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းပေါင်း ၁၄ ကျောင်း၌ ကျောင်းသား ကျောင်းသူ ၆၈၁၅ ဦးနှင့် ဆရာ ဆရာမ ၁၈၇ ဦးတို့အား ဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပမည့် ကားပြပွဲ၌ ပါဝင်ပြသမည့် တိုယိုတာ မော်တော်ကား ပုံစံသစ်ကို မတ်၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနှင့်အီရန် ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည်

နယူးဒေလီ မတ် ၇

အီရန်နိုင်ငံ ရေတပ်အကြီးအကဲ ဗိုလ်ချုပ်ဆာဂျတ်ကောချာကီဘာဒယ်လာနီက အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနမှ ထိပ်တန်းအရာရှိများနှင့် နယူးဒေလီမြို့တွင် မတ် ၅ ရက်၌ တွေ့ဆုံစဉ် နှစ်နိုင်ငံရေကြောင်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်ရန် ဆွေးနွေးခဲ့သည်။

အီရန် ရေတပ် အကြီးအကဲ ဗိုလ်ချုပ် ဘာဒယ်လာနီ အနေဖြင့် ဆယ်စုနှစ်ကာလအတွင်း အိန္ဒိယနိုင်ငံသို့ ပထမဆုံးလာရောက်သည့် ရေတပ်အကြီးအကဲ တစ်ဦးဖြစ်သည်။ ပါရှန်ပင်လယ်ကွေ့တွင် အမေရိကန်တို့ ရေတပ်စခန်းချနေမှုကို ဆန့်ကျင်ရန်အတွက် အီရန်၏ ကြိုးပမ်းမှုလည်း ဖြစ်သည်။

ပါဝင်

ထို့ပြင် မိတ်ဖက် နှစ်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာ အဆင့်မြင့်ခေါင်းဆောင်များ အပြန်အလှန် ပုံမှန်လည်ပတ်မှု၏ အစိတ်အပိုင်း တစ်ရပ်အဖြစ်လည်း အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်ခြင်း ပါဝင်သည်။

ဆွေးနွေး

ဘာဒယ်လာနီသည် အိန္ဒိယကာကွယ်ရေးဝန်ကြီး အေကေအန်တိုနီ၊ အိန္ဒိယ ရေတပ်အကြီးအကဲ ဗိုလ်ချုပ်ဆူရီရှ်မက်တာ၊ ကြည်းတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဂျေဂျေဆင်းနှင့် လေတပ်အကြီးအကဲ အက်စ်ပီယာဂီတို့နှင့်လည်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

အမ်အင်န်အေ၊ပီတီအိုင်

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၃၁၇၀ရှိ

ဘဂ္ဂဒက် မတ် ၇

အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင် တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားစဉ် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် နှစ်ဦးနှင့် အခြားအမှုထမ်းတစ်ဦးတို့ သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က မတ် ၅ ရက်၌ ပြောကြားသည်။

သေဆုံး

အဆိုပါ တပ်ဖွဲ့ဝင်များအနက် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးနှင့် အမှုထမ်းတစ်ဦးတို့မှာ အန်ဘာပြည်နယ်၌ တိုက်ခိုက်ခံရမှုကြောင့် မတ် ၄ ရက်၌ သေဆုံးခဲ့ခြင်းဖြစ်ပြီး နောက်ထပ် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာလည်း တိုက်ခိုက်ခံရမှုကြောင့် မတ် ၅ ရက်က အန်ဘာပြည်နယ်၌ သေဆုံးခဲ့ရခြင်း ဖြစ်သည်။

ထုတ်ပြန်

အီရတ်သို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်ခဲ့သည့် ၂၀၀၃ ခုနှစ် မတ်လ မှစတင်ကာ ယခုနှစ် မတ် ၆ ရက်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၃၁၇၀ သေဆုံးခဲ့ရပြီဖြစ်သည်ဟု ပင်တဂွန်စစ်ဌာနချုပ်က သတင်းထုတ်ပြန်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

နှင်းများရှင်းလင်း

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျန်လင်းမြို့၌ နှင်းမုန်တိုင်း ကျရောက်သဖြင့် လမ်းပေါ်၌ ပိတ်ဆို့နေသော နှင်းများအား ရှင်းလင်းနေသည်ကို မတ် ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီတလီ၌ ယခုနှစ်ဆောင်းရာသီ နှစ် ၂၀၀ အတွင်း အပူနွေးဆုံးဖြစ်

ရောမ မတ် ၇

အီတလီနိုင်ငံသည် ယခုနှစ် ဆောင်းရာသီ၌ အအေးလျော့ပြီး အပူချိန်မြင့်မားခဲ့ရာ နှစ်ပေါင်း ၂၀၀ ခန့်အတွင်း အပူနွေးဆုံး ဆောင်းရာသီဖြစ်ကြောင်း အီတလီနိုင်ငံ အမျိုးသား သုတေသနကောင်စီ (စီအင်န်အာ)က မတ် ၅ ရက်၌ သတင်းထုတ်ပြန်သည်။

အီတလီနိုင်ငံတွင် ယခုနှစ် ဆောင်းရာသီ၌ အပူချိန် ၁ ဒသမ ၇၉ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရှိခဲ့ရာ ၁၉၉၀ ပြည့်နှစ် ဖြစ်ပေါ်ခဲ့သော အပူချိန်ထက် မြင့်မားခဲ့သည်ဟု စီအင်န်အေက ထုတ်ပြန်သော သတင်း၌ဖော်ပြသည်။

မပို့နိုင်

ထိုသို့ ဆောင်းရာသီ၌ အပူချိန်မြင့်တက်ခဲ့မှုကြောင့် အီတလီနိုင်ငံ ရောမမြို့အနီးဝန်းကျင်မှ တောင်သူများအနေဖြင့် သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ အချိန်မီ ဈေးကွက်သို့ မပို့နိုင်ဘဲ ဖြစ်ခဲ့ရသည်။

မြင့်တက်

ဆောင်းရာသီ၌ အပူချိန်မြင့်တက်မှုသည် သစ်သီးနှင့်ဟင်းသီးဟင်းရွက်များ အချိန်မီ မကြီးထွားနိုင်ခဲ့ကြောင်း၊ လာမည့်နွေဦးရာသီကုန်သည်အထိ သစ်သီးများ မရင့်မှည့်၊မကြီးထွားနိုင်ကြောင်း အီတလီ တောင်သူများက ပြောကြားသည်။

ပြောင်းလဲ

ထိုသို့ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ ပုံမှန် မကြီးထွားရခြင်း တစ်ချက်မှာလည်း အတ္တလန္တိတ် သမုဒ္ဒရာဘက်မှ တိုက်ခတ်သော လေများ လမ်းကြောင်း ပြောင်းလဲသွားခဲ့၍ ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရုရှားတွင်မီးလောင် ခြောက်ဦး သေဆုံး

မော်စကို မတ် ၇

ရုရှားနိုင်ငံအလယ်ပိုင်း မြို့တစ်မြို့တွင် မတ် ၅ရက်က အိမ်တစ်လုံး မီးလောင်ခဲ့ရာ လူခြောက်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရခဲ့ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနများက သတင်းထုတ်ပြန်ခဲ့သည်။

ငြိမ်းသတ်

မော်စကိုမြို့၏ အရှေ့မြောက် အိုင်ဗာနိုဗိုမြို့တွင် ဒေသစံတော်ချိန် နံနက် ၄နာရီက ယင်းမီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် နှစ်နာရီအကြာတွင် မီးကို ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေး သမားများက ယင်းမီးလောင်မှုတွင် အပျက်အစီးများကြားမှ လူသေအလောင်း ခြောက်လောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အရေးပေါ် ကယ်ဆယ်ရေး အရာရှိ အလက်အီအလက်ဆီရက်က အိုင်တီအေအာရ်-တီအေအက်စ်အက်စ်သတင်းဌာနသို့ ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်တာနက်-ကျန်းမာရေး

အသားညိုအောင်ပြုလုပ်သည့် လူငယ်များ အရေပြားကင်ဆာ ဖြစ်ပွားနိုင်

လန်ဒန် မတ် ၇

လူငယ်များအနေဖြင့် အသားညိုအောင် ပြုလုပ်ခြင်းသည် အရေပြားကို ကင်ဆာဖြစ်ပွားစေကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ဖြစ်ပွား

ငယ်ရွယ်သော အမျိုးသမီးများအနေဖြင့် အသားညိုအောင် သာမန်ထက် နေရောင်**(ယာပုံ)**ပိုမိုခံခြင်း၊ အလှပြင်ဆိုင်များသို့ သွားရောက်ကာ အသားညိုအောင် အပူဓာတ်ပေးခြင်းတို့မှာ အသက်(၃၀) မတိုင်ခင် အရေပြားကင်ဆာ ဖြစ်ပွားနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

များယွင်း

ပုံမှန်မဟုတ်သော အသားညိုအောင် ပြုလုပ်သူများသည် အရေပြားကင်ဆာဖြစ်ပွားမှုနှင့် ဆက်စပ်လျက်ရှိကြောင်း၊ အသက် ၁၃နှစ်နှင့် ၁၄နှစ် အရွယ် လူငယ်များအနေဖြင့် နေရောင်ခြည်ခံမှုမှာ အလွန်မှားယွင်းကြောင်း သုတေသနပညာရှင် ဒေါက်တာဘလက်ဖို့ဒ်က ပြောကြားသည်။

ဖြစ်တတ်

လူငယ်များအနေဖြင့် အဆန်းထွင်ပြီး အသားညိုအောင် အလှပြင်ခန်းများ၌ အပူခံခြင်းသည် အချိန်စောစီးစွာ အရေပြားကင်ဆာဖြစ်တတ်ကြောင်း ဒေါက်တာဘလက်ဖို့ဒ်က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

ရေနွေးကန်၌ စိမ်ပြီးရေချိုးမှု အမျိုးသားများအတွက် ထိခိုက်

နယူးယောက် မတ် ၇

ရေနွေးကန် သို့မဟုတ် ရေနွေးဇလုံများတွင် စိမ်ပြီးရေချိုးသော အမျိုးသားများသည် ၎င်းတို့၏ မျိုးအောင်မှုကို ထိခိုက်စေကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

တွေ့ရှိ

ရေနွေးကန်များ၌ စိမ်ပြီးရေချိုးသော အမျိုးသားများအား သုံးနှစ်ကြာ သုတေသနပြုခဲ့ရာ ၎င်းတို့၏ အဖိုမျိုးပွားမှုအပေါ် လွန်ကဲသော အပူဓာတ်ဖြစ်စေသဖြင့် မျိုးအောင်မှုကို ထိခိုက်မှုဖြစ်စေသည်ကို တွေ့ရှိရကြောင်း ၎င်းတို့က ပြောကြားသည်။

ရှောင်ကြဉ်သင့်

ထိုသို့သော သုတေသနပြုခဲ့ရာတွင် အမျိုးသား ၁၁ ဦးလျှင် ငါးဦးမှာ မျိုးအောင်မှုကို ထိခိုက်စေခဲ့ကြောင်း၊ ထို့ကြောင့် ရေနွေးကန် သို့မဟုတ် ရေနွေးဇလုံများတွင် ရေချိုးမှုမှ ရှောင်ကြဉ်သင့်ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင် ဒေါက်တာပေါလ်တူရက်ခ်က ပြောကြားသည်။

ပူနွေးသောရေသည် အမျိုးသားများ၏ မျိုးပွားပိုးများကို ပျက်စီးစေကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသည့် ကြက်များအား ရှင်းလင်းသုတ်သင်နေသည်ကို မတ် ၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံတွင် ခေတ်မီလယ်ယာစနစ် တိုးတက်ဖွံ့ဖြိုးရေး ယွမ် ၃၉၁ဘီလီယံကျော် ရင်းနှီးမည်

ပေကျင်း မတ် ၇

တရုတ်နိုင်ငံတွင် ယခုနှစ်၌ ကျေးလက်နှင့် လယ်သမားဘဝ အခြေအနေ တိုးတက်ရေးအတွက် တရုတ်ဗဟိုအစိုးရက လယ်ယာကဏ္ဍတွင် ယွမ် ၃၉၁ ဒသမ ၇ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။

ထုတ်ပြန်

ခေတ်မီလယ်ယာစနစ် တိုးတက် ပြောင်းလဲရန်နှင့် ကျေးလက် ဒေသ အဆောက်အအုံများ တိုးတက်ရန် သန္နိဋ္ဌာန်ချဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဝမ်ကြားပေါင်က မတ် ၅ ရက်တွင် ပြောကြားခဲ့သည်ကို အစိုးရကကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

လုပ်ဆောင်

မိမိတို့သည် ကျေးလက်ဒေသ အခြေခံအဆောက်အအုံများ တိုးတက်ရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်အောင် လုပ်ဆောင်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ဝန်ကြီးချုပ် ဝမ်ကြားပေါင်က တရုတ်ပြည်သူ့ကွန်ဂရက်ဖွင့်ပွဲ အစည်းအဝေး၌ လွှတ်တော်အမတ်များအား ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဆီးရီးယားနှင့် အမေရိကန်တွေ့ဆုံဆွေးနွေး

ဒမတ်စကတ် မတ် ၇

အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်မူဝါဒမှာ ဒေသတွင်းမတည်မငြိမ်ဖြစ်စေကြောင်း ပြည်ပရောက်ဆီးရီးယားနိုင်ငံသားများဆိုင်ရာ ဝန်ကြီးဌာနဝန်ကြီး ဘူသိုင်နာရှာဘန်းက မတ် ၄ ရက်တွင် ဝေဖန်ပြောကြားလိုက်ပြီး အမေရိကန်ကိုယ်စားလှယ်အဖွဲ့ဝင်များက တုံ့ပြန်ပြောဆိုရာ၌ ဆီးရီးယားနှင့် အမေရိကန်ဆွေးနွေးပွဲသည် ဒေသတွင်းလုံခြုံရေးနှင့်တည်ငြိမ်ရေးကို အထောက်အကူဖြစ်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်ကို ဆာနာသတင်းဌာနက ကြေညာသည်။

အမေရိကန်ပညာရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် ဆီးရီးယားဝန်ကြီး မစ္စက်ရှာဘန်းက အထက်ပါအတိုင်း ဝေဖန်လိုက်ခြင်း ဖြစ်သည်။

အမေရိကန်အစိုးရ၏ ဤမူဝါဒများကြောင့် အာရပ်ပြည်သူများနှင့် အမေရိကန်ပြည်သူတို့မှာ အဆမတန်ဆုံးရှုံး နစ်နာခံနေရကြောင်း၊ ဒေသတွင်း အဓိကပြဿနာမှာ အာရပ် အစ္စရေး တိုက်ပွဲပင်ဖြစ်ကြောင်း၊ အာရပ်နယ်မြေများကို အစ္စရေးသိမ်းပိုက်မှု၏ နောက်ဆက်တွဲကိစ္စများအပြင် နိုင်ငံတကာဆုံးဖြတ်ချက်များကို အစ္စရေးကငြင်းပယ်မှုနှင့် အီရတ်နိုင်ငံအား အမေရိကန်ကျူးကျော်မှု၏ ဆိုးရွားသော ရိုက်ခတ်မှုများလည်း ရှိသေးကြောင်း မစ္စက်ရှာဘန်းက ထောက်ပြလိုက်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်ကျေးလက်ဒေသ ပညာရေးအတွက် အစိုးရကဘဏ္ဍာငွေ ပိုမိုသုံးစွဲမည်

ပေကျင်း မတ် ၈

တရုတ်နိုင်ငံသည် ၂၀၀၆ မှ ၂၀၁၀ပြည့်နှစ်ကာလအတွင်း ကျေးလက်ဒေသပညာရေးအတွက် ယွမ်ငွေ ၂၁၈ ဒသမ ၂ဘီလီယံ ပိုမိုရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါငွေများအား ဗဟိုနှင့်ဒေသဆိုင်ရာ ခန့်မှန်းခြေရသုံးငွေစာရင်းမှ ခွဲဝေသုံးစွဲသွားမည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနက မတ် ၆ ရက်တွင် ပြောကြားသည်။

ယခုနှစ်တွင် ကျေးလက်ဒေသ ပညာရေးအတွက် စုစုပေါင်းယွမ်ငွေ ၂၂၃ ဒသမ ၅ဘီလီယံ သုံးစွဲမည်ဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ၃၉ ဒသမ ၅ဘီလီယံ တိုးတက်သုံးစွဲမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပြည်သူ့လွှတ်တော်တွင် ပြောကြားခဲ့သည်။

ထောက်ပံ့

ကျေးလက်ဒေသရှိ အလယ်တန်းကျောင်းများ ပြန်လည်ပြုပြင်ရေးအတွက် ဗဟိုခန့်မှန်းခြေ ရသုံးငွေစာရင်းမှ ယွမ်ငွေ ၁၀ ဘီလီယံ သတ်မှတ်လျာထားပြီး ဒေသဆိုင်ရာ အစိုးရအဖွဲ့များကလည်း အဆိုပါအစီအစဉ်အတွက် ထောက်ပံ့လိမ့်မည်ဖြစ်ကြောင်း ဝမ်က ဆက်လက်ပြောကြားသည်။

ကျေးလက်ဒေသရှိ မိသားစုသန်း ၁၅၀ ကျော်မှာ ကျောင်းနေအရွယ်ကလေးများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေရာမှ ယခုအစီအစဉ်ကြောင့် ပြေလည်သွားလိမ့်မည် ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာ့တစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး ဦးပေါင်းထုပ်

ကမ္ဘာ့အကြီးဆုံး ဦးပေါင်းထုပ်ကို ဆောင်းထားသူ တစ်ဦးအားတွေ့ရစဉ်။ (ယာပုံ)

အိန္ဒိယနိုင်ငံ မြောက်ပိုင်း အမ်ရစ်ဆာမြို့၌ အသက် (၅၀)အရွယ် နီဟန်မာဂျာဆင်းအမည်ရှိ အိန္ဒိယ အမျိုးသားကြီး ဦးခေါင်း၌ ဆောင်းထားသော ဦးပေါင်းထုပ်မှာ ပိတ်စအရှည် ၄၆၅ ကိုက်ကို ပြုလုပ်ထားရာ အလေးချိန်ပေါင် ၇၀ ခန့်လေးကြောင်း သိရသည်။ ၎င်းသည် အဆိုပါ ဦးပေါင်းထုပ်ကြီး ကို ၁၉၉၇ ခုနှစ်ကတည်းက ဆောင်းလာခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

ကမ္ဘာပေါ်တွင် ပြင်သစ်နိုင်ငံသားများ စာဖတ်မှုနှုန်း မြင့်မား

ပါရီ မတ် ၇

ပြင်သစ်နိုင်ငံသား ၉၇ ရာခိုင်နှုန်းကျော်သည် လစဉ်အနည်းဆုံးမဂ္ဂဇင်းတစ်အုပ်ခန့်ဖတ်ရှုကြပြီး နေ့စဉ်စာဖတ်ရှုသည့် လူဦးရေမှာလည်း တစ်နိုင်ငံလုံးလူဦးရေ၏ ၅၈ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း၊ ထိုစာဖတ်သူ အရေအတွက်သည် ကမ္ဘာပေါ်တွင် အများဆုံးဖြစ်ကြောင်း ပြင်သစ်သုတေသနအဖွဲ့က ၂၀၀၆ ခုနှစ်က ပြုစုခဲ့သော သုတေသနမှတ်တမ်းရလဒ်များကို အခြေခံပြီး မတ် ၅ရက်၌ ထုတ်ပြန်လိုက်သည်။

ပြင်သစ်နိုင်ငံသား အများစုအနေ ဖြင့် မဂ္ဂဇင်းအမျိုးအစားပေါင်း ခြောက်မျိုးမှ ရှစ်မျိုးခန့် ဖတ်ရှုကြပြီး ဝင်ငွေမြင့်မားသော ပြင်သစ်နိုင်ငံသားများမှာမူ မဂ္ဂဇင်း ရှစ်မျိုးနှင့်အထက် ဖတ်ရှုကြသည်ဟုဆိုသည်။

ပြင်သစ်နိုင်ငံသား အမျိုးသမီးများ၏ ပျမ်းမျှစာဖတ်ရှုနှုန်းမှာ မဂ္ဂဇင်းအမျိုးအစားခုနစ်မျိုးကျော်ရှိပြီး အမျိုးသားများမှာမူ မဂ္ဂဇင်းခြောက်မျိုးကျော်သာရှိကြောင်း သုတေသနပြုချက်၌ ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗြိတိသျှတပ်ဖွဲ့ဝင် နှစ်ဦး အာဖဂန်၌တိုက်ခိုက်ခံရပြီး သေဆုံး

လန်ဒန် မတ် ၇

အာဖဂန်နစ္စတန်နိုင်ငံ၌ တောင်ပိုင်းတွင် စစ်ဆင်ရေးဆောင်ရွက်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များအား စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနမှ မတ် ၄ ရက်က သတင်းထုတ်ပြန်သည်။

ဆောင်ရွက်

အဆိုပါဗြိတိသျှ တပ်ဖွဲ့ဝင်များမှာ အာဖဂန်နစ္စတန်တောင်ပိုင်း ဟဲလ်မင့်အရပ်တွင် စစ်ဆင်ရေးဆောင်ရွက်နေစဉ် စိန်ပြောင်းကျည်ဖြင့် တိုက်ခိုက်ခံရခြင်းဖြစ်သည်။

၎င်းဗြိတိသျှတပ်ဖွဲ့ဝင်များအား အာဖဂန်နစ္စတန်နိုင်ငံ ဆန်ဂင်အရပ်မှ စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း ဖြစ်သည်ဟုယူဆကြောင်း၊ သို့သော်မသေချာကြောင်း ဗြိတိသျှစစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ



ကမ္ဘာ့အသေးငယ်ဆုံးနှင့် အဖိုးတန်ဆုံး ခေါင်းစည်းကြိုး

ကမ္ဘာ့အသေးငယ်ဆုံးနှင့် အဖိုးတန်ဆုံး ခေါင်းစည်းကြိုးလေးတစ်ခုကို လက်သည်းပေါ်တွင် ပြသထားစဉ်။

(ဝဲပုံ)

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ အမျိုးသားပြတိုက်တွင် ပြသထားသော ခေါင်းစည်းကြိုးလေးမှာ သုံးမီလီမီတာရှိသော မဟူရာကျောက်ပေါ်၌ အလွန်သေးငယ်သော ရွှေသားစစ်စစ်ကြိုးလေးဖြင့် ပူးတွဲပြုလုပ်ထားရာ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးနှင့် အဖိုးတန်ဆုံး ခေါင်းစည်းကြိုးလေးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ကညွတ်ကွင်းမြို့ တိုးတက်ရေးအတွက် ဒေသခံပြည်သူများအား တွေ့ဆုံ

နေပြည်တော် မတ် ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မတ် ၅ ရက်မွန်းလွဲပိုင်းတွင် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူ ပဲခူးတိုင်း ကညွတ်ကွင်းမြို့သို့ ရောက်ရှိပြီး ငါးထပ်ကြီးမြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ဆွေးနွေး

ထို့နောက် အထွေထွေ အတွင်းရေးမှူးသည် ကိုးခန်းသာသနာဗိမာန်တော်ကြီး၌ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကညွတ်ကွင်းမြို့ ပညာရည်မြှင့်တင်ရေးကော်မတီဝင်များ၊တောင်သူလယ်သမားများ၊ ပြည်သူလူထုများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေး ကိစ္စများ ဆွေးနွေးသည်။

ရှင်းလင်းမှာကြား

တွေ့ဆုံပွဲတွင် အထွေထွေ အတွင်းရေးမှူးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်ကြီးကို ပြည်သူများ လိုလားတောင်းတနေကြသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ ချမ်းသာကြွယ်ဝရေး၊ လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ဖြစ်ပေါ်စေရေးအတွက်လည်း အစီအစဉ်ရှိရှိ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ကညွတ်ကွင်းနယ်မြေအပါအဝင် နိုင်ငံတစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့်လည်း အခြားသော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဒေသ တိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်ရှင်းလင်းဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းပေး

ထို့နောက် တောင်သူလယ်သမားများ၊ ရပ်မိရပ်ဖများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ ပညာရည်မြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြကြရာ အထွေထွေ အတွင်းရေးမှူးက ညှိနှိုင်းဖြည့်ဆည်းပေးသည်။

လက်ခံ

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးက ကညွတ်ကွင်း အခြေခံပညာအထက်တန်းကျောင်း၌ ပဉ္စမတန်းမှ ဒသမတန်းအထိ တက်ရောက်သင်ကြားနေသူများအတွက် ကျောင်းသုံးစာအုပ်များ ပေးအပ်လှူဒါန်းရာ ပညာရေးကော်မတီက လက်ခံယူသည်။

ဆက်လက်၍ ကညွတ်ကွင်းနှင့် ဖြူးမြို့တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီ၊ မီးသတ်အဖွဲ့များက ကျောင်းသုံး စာအုပ်များ ပေးအပ်လှူဒါန်းကြရာ ပညာရေးကော်မတီက လက်ခံယူသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် အထွေထွေအတွင်းရေးမှူးသည် အသင်းဝင်များနှင့်အတူ သီရိရတနာ ရွာလည်ကျောင်းတိုက် တိုက်အုပ်ဆရာတော်နှင့် ပြုပြင်ပြီး စေတီတော်များအား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃ လမ်းမှတ်တိုင်အနီး)တွင် ထားဝယ်မြို့နေ ရဲမှူးသိန်းဦး-ဇနီး ဒေါ်ခင်စန်းဝင်း၊ သမီး မမြတ်သူထက်၊ သား မောင်အောင်ကျော်စွာစိုး မိသားစုက ကျပ်တစ်သိန်းကို အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မဟာသတိပဋ္ဌာန် ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၇

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဖော့ကန်ဝါဥုးပရိယတ္တိစာသင်တိုက်၌ သတ္တမအကြိမ်မြောက် သင်္ကြန်တွင်းမဟာသတိပဋ္ဌာန် အလုပ်ပေးခုနစ်ရက် တရားစခန်းဖွင့်၍ ကမ္မဋ္ဌာနာစရိယ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုနန္ဒ မဟာထေရ်နှင့် ကမ္မဋ္ဌာနာစရိယဆရာတော်များက ဟောကြားပြသကြမည်ဖြစ်ရာ ဧပြီ ၁၂ ရက် နောက်ဆုံးထား စာရင်းပေးသွင်းပြီး တရားအားထုတ်နိုင်ကြောင်းနှင့် ဖုန်း-၇၂၂၈၈၇ သို့ ဆွမ်း၊အချိုပွဲ၊ အအေး၊ ဆေးတို့ကို လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကုန်သည်စက်မှုအသင်းချုပ် ဆွေးနွေးပွဲများတက်ရောက်နိုင်

ရန်ကုန် မတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများကိုကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower ၌ စီးပွားရေးကဏ္ဍကြီးရှစ်ခုကို ၃ ရက်ကြာ ဆွေးနွေးသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲများကျင်းပရာ၌ မတ် ၁၀ ရက်တွင် သတင်းအချက်အလက်နှင့် နည်းပညာ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ မတ် ၁၁ ရက်တွင် ကုန်သွယ်ရေး၊ ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ မတ် ၁၂ ရက်တွင် စက်မှုလက်မှုနှင့် စွမ်းအင်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ အထွေထွေစီးပွားရေးကဏ္ဍများကို ဆွေးနွေးမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ မီးလောင်ကျွမ်းမှုများဖြစ်ပွား

ရန်ကုန် မတ် ၇

ရခိုင်ပြည်နယ် စစ်တွေခရိုင် မင်းပြားမြို့ အောက်ရွာပိုင်းရပ်ကွက် မင်းဘကြီးရပ်နေ ဦးစောထွန်း၏ ဗီဒီယိုရုံ၌ မတ် ၆ရက် ည ၇နာရီခန့်တွင် မီးစက်မှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ နေအိမ် ၃၈လုံး မီးလောင်ဆုံးရှုံးပြီး လူ ၃၀၀ ကျော်ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

ချမ်းအေးသာစံ

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ၈၄လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား အောင်နန်းအနောက် အကွက်အမှတ် ၅၅ နေ ဦးစိန်ကျော်ဝင်း၏ နေအိမ်၌ မတ် ၇ရက် နံနက် ၅နာရီ ခွဲခန့်တွင် ဝိုင်ယာရှော့မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ ဂိုဒေါင်တစ်လုံးနှင့် ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။

ရေတာရှည်

ပဲခူးတိုင်း ရေတာရှည်မြို့နယ် ၄ရပ်ကွက် အောင်မြန်မာလမ်းရှိ ဦးတင်လှ၏ နေအိမ်၌ မတ် ၇ရက် နံနက် ၁နာရီခန့်တွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ နေအိမ်သုံးလုံးမီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဟော့ပိတ်သတင်း

အင်ဒိုနီးရှား ခရီးသည်တင်လေယာဉ်ပြေးလမ်းချော် လေယာဉ်ပေါ်လိုက်ပါလာသူ ၄၉ ဦးသေဆုံးခဲ့

ယော့ယာကာတာ မတ် ၇

အင်ဒိုနီးရှားနိုင်ငံ ယော့ယာကာတာလေဆိပ်တွင် ဂါရုဒါလေကြောင်းလိုင်းပိုင် ဘိုးရင်း ၇၃၇-၄၀၀ ခရီးသည်တင် လေယာဉ်တစ်စင်းသည် မတ် ၇ ရက်က ပြေးလမ်းချော်ပြီး ပေါက်ကွဲမီးလောင်ကာ လယ်ကွင်းများအတွင်း ပျက်ကျခဲ့ရာ (အောက်ပုံ) **အနည်းဆုံး လူ ၄၉ ဦး သေဆုံးသွားကြောင်း၊ ခရီးသည်အချို့ ဘေးမှလွတ်မြောက်ခဲ့ကြောင်း မတ်၇ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။**

သေဆုံး

ယင်းလေယာဉ်ပြေးလမ်းချော်ပျက်ကျမှုကြောင့် လူ ၄၈ ဦး ပွဲချင်းပြီး သေဆုံးပြီး တစ်ဦးမှာ ဆေးရုံ၌သေဆုံးခဲ့ကြောင်း အဆိုပါ ပြည်နယ်အတွင်းရေးမှူး ဘန်တန်ဆူဆန်တိုက ပြောကြားသည်။

ပြေးလမ်းချော်

အဆိုပါခရီးသည်လေယာဉ်သည် ခရီးသည် ၁၃၃ ဦးနှင့် လေယာဉ်အမှုထမ်း ခုနစ်ဦးကို တင်ဆောင်လျက် ထိုနေ့က ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ဂျကာတာမြို့သို့ ဦးတည်ထွက်ခွာစဉ် ပြေးလမ်းချော်ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ၎င်းလေကြောင်းမှ ပြောရေးဆိုခွင့်ရှိသူ ပူဂျိဘရိတိုက ပြောကြားသည်။

လိုက်ပါလာ

၎င်းလေယာဉ်ပေါ်တွင် ဩစတြေးလျ ရှစ်ဦး၊ ဂျပန်နှစ်ဦး၊ ဘရူနိုင်းနှစ်ဦးနှင့် အခြားနိုင်ငံခြားသားရှစ်ဦးလည်း လိုက်ပါခဲ့ကြောင်း ယင်းတာဝန်ရှိသူက ပြောကြားသည်။ ယော့ယာကာတာမြို့သည် ဂျကာတာမြို့ အရှေ့တောင်ဘက် မိုင် ၂၇၀ အကွာတွင်ရှိပြီး အင်ဒိုနီးရှားနိုင်ငံ၏ ယဉ်ကျေးမှုထွန်းကားရာ ဒေသ ဖြစ်သည်။ (အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၈-၃-၂၀၀၇ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၁၀ ၆။ အရေးပြိုင်ပွဲ
- ၈း၂၀ ၇။ အကပဒေသာ
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Let's Go

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English for Everyday Use
- ၁၆း၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၅ခုနှစ်)
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (အရှေ့တိုင်းပညာအထူးပြု)[အရှေ့တိုင်းပညာ]
- ၁၇း၁၀ ၆။ တေးဂီတအစီအစဉ်
- ၁၇း၂၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၁၇း၃၀ ၈။ **"အနိုင်အရှုံး"** ပိစိ၊ ကောင်းမြတ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၁၇း၃၅ ၉။ တေးဂီတအစီအစဉ်
- ၁၇း၄၅ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၁၈း၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၃။ သီရိဂေဟာ
- ၁၉း၀၀ ၁၄။ Discovery
- ၁၉း၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ်ရွက်လေး၏ ရင်ခုန်သံ"** (အပိုင်း-၄)
- ၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာနွေဦး"** (အပိုင်း-၁၈)

ဇင်းကျိုက်အထက မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၇

ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၃ရက်တွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက ဦးစိန်အောင်ကြည် ဖုန်း-၀၁-၇၀၀၁၂၁၊ ဦးမင်းကြည်စိန် ဖုန်း-၀၁-၅၄၆၆၇၈နှင့် ဒေါ်သန်းသန်းအေး ဖုန်း-၀၁-၃၃၃၂၁၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အလင်း အင်တာနက် သတင်းအတိုအထွာ

ဇင်ဘာဘွေနိုင်ငံမြို့တော် ဟာရာရေး၌ မတ် ၆ ရက် နံနက်ပိုင်းက ခရီးသည်ရထားတစ်စင်းနှင့် ဘတ်စ်ကားတို့ လမ်းဆုံတွင် တိုက်မိကြရာ လူ ၃၄ဦး သေဆုံးသွားကြောင်း မတ် ၆ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

တရုတ်နိုင်ငံက ယခုနှစ်ကုန်ပိုင်းတွင် လဗိမာန်သို့ လူလိုက်ပါသည့် Chang'e-1 အာကာသယာဉ်ကို Long March 3A ဒုံးပျံဖြင့်လွှတ်တင်သွားမည်ဖြစ်ကြောင်း၊ ယင်းမှာ ၁၅နှစ် အတွင်း ပထမဆုံး လဗိမာန်သို့ လူသားတစ်ဦး ခြေချနိုင်ခြင်းဖြစ်လိမ့်မည်ဖြစ်ကြောင်း မတ် ၆ ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

အီရန်နိုင်ငံအနောက်ပိုင်း လော်ရီစတန်ပြည်နယ် ဒိုရုမြို့၌ မတ် ၇ ရက် ဂရင်းနစ်စံတော်ချိန် ၂၂နာရီ မိနစ် ၃၀ တွင် အင်းအား ၄ ဒသမ၈ရှိ ငလျင်လှုပ်ခဲ့ရာ လူ ၃၅ဦးဒဏ်ရာရရှိသွားကြောင်း မတ် ၇ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကမ္ဘာကြီးပူနွေးလာမှုကို ဥရောပနိုင်ငံများက ဦးဆောင်ကိုင်တွယ်ဖြေရှင်းသွားကြရန် ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာကဲလ်က အီယူခေါင်းဆောင်များအား တိုက်တွန်းလိုက်သည်ကို မတ် ၇ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

အီတလီနိုင်ငံ ဆစ်စလီကျွန်း၌ မာဖီးယားဂိုဏ်းတိုက်ဖျက်မှု စစ်ဆင်ရေးတစ်ရပ်အဖြစ် ဆင်နွှဲရာ ရဲအဖွဲ့က လူ ၂၁ဦးကို ဖမ်းဆီးလိုက်ကြောင်း မတ် ၆ ရက်က အင်တာနက်သတင်းတွင် ဖတ်ရှုရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၌ မတ် ၆ရက် နံနက် စောစောပိုင်းက မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံးလူ ၂၁ဦး သေဆုံးသွားကြောင်း မတ် ၇ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ (အင်တာနက်)

မြဝတီမြို့၌ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်များဖွင့်

မြဝတီ မတ် ၁

မြဝတီမြို့ အမှတ်(၂)ရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး ပတ္တမြားလမ်း၊ နီလာလမ်း၊ ဥဿဖရားလမ်း ကတ္တရာလမ်းသစ်များဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်က အဆိုပါလမ်းမှုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်၊ မြဝတီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ခေတ္တ)ဥက္ကဋ္ဌ ဦးမင်းလွင်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် အမှတ်(၂)ရပ်ကွက် ပတ္တမြားလမ်း၊ နီလာလမ်း၊ ဥဿဖရားလမ်းများအား ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်အောင်၊ မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်နှင့် အမှတ်(၂)ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ဆောင်ရွက်ခဲ့

အဆိုပါ လမ်းသုံးလမ်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကတ္တရာဖိုးငွေကျပ် ၅၂၂၅၈၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၁၁၃၄၂၀၀ ဖြင့် အလျားပေ ၁၆၀၀၊ အကျယ် ၁၆ပေ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော လမ်းများအပြင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ၁၇ လမ်း၊ အရှည်ပေ ၉၈၄၀ အတွက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၈၀၄၀၀၀၀၊ စည်ပင်သာယာရေးအဖွဲ့ကငွေကျပ်၂၂၅၉၃၉၀၀၊ ပြည်သူများထည့်ဝင်ငွေကျပ် ၆၄၆၅၆၁၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်သွားမည်ဖြစ်သည်။ ကိုယ့်အားကိုယ်ကိုး ၁၇လမ်းအနက် ကိုးလမ်း အရှည်ပေ ၄၈၉၀ ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ဆဲလေးလမ်း အရှည် ၃၅၂၄ ပေ၊ ဆောင်ရွက်ရန်ကျန် လေးလမ်း အရှည် ၁၁၁၅ ပေ ရှိသည်။ **(မြို့နယ်စည်ပင်)**

သီပေါ ဖေဖော်ဝါရီ ၂

နမ့်လန် မြို့နံစေတီတော် အရံစေတီများ စိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူ

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်မြို့ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစိတ္တသာရနှင့်မိုင်းဖုန်းဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏသံဝရတို့၏ ဩဝါဒခံယူ၍ ပြုပြင်မွမ်းမံ တည်ထားခဲ့သော နမ့်လန် မြို့နံစေတီတော်မြတ်ကြီး **(အပေါ်ပုံ)**၏ အရံစေတီ ၁၀၈ဆူနှင့် မုခ်ဦးစေတီ ခုနစ်ဆူသို့ စိန်ဖူးတော်နှင့် ရွှေထီးတော်များ တင်လှူပူဇော်ပွဲ အခမ်းအနား ကျင်းပသည်။ ရှေးဦးစွာ အရံစေတီ ၁၀၈ဆူနှင့် မုခ်ဦးစေတီ ခုနစ်ဆူအား တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ရွှေထီးတော်များကို ဘော်ကြိုဆရာတော် ဘဒ္ဒန္တ ဒေဝိန္ဒ၊ နမ့်လန်သာသနာပြုဆရာတော် ဘဒ္ဒန္တ ဉာဏောဘာသတို့ ဦးဆောင်လျက် သီပေါမြို့၌ ဇန်နဝါရီ ၂၇ရက်တွင်လည်းကောင်း၊ နမ့်လန်မြို့၌ ဇန်နဝါရီ၃၀နှင့် ၃၁ရက်တို့တွင်လည်းကောင်း လှည့်လည် အပူဇော်ခံကြသည်။

တပို့တွဲလပြည့် မွန်းတည့်ချိန်၌ ထီးတော်တင်လှူပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ မန်စိမ်းဆရာတော် ဘဒ္ဒန္တ သောဘနထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး နမ့်လန်မြို့ မဇ္ဈိမာရာမ ဆရာတော် ဘဒ္ဒန္တ ဉာဏောဘာသက ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။ ထို့နောက် အရံစေတီ ၁၀၈ဆူနှင့် မုခ်ဦးစေတီ ခုနစ်ဆူတို့၏ စိန်ဖူးတော်၊ ရွှေထီးတော်များကို ဆရာတော်များနှင့် အလှူရှင်များက တစ်ပြိုင်တည်း တင်လှူပူဇော်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(က-ပ)**

ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ရိုးရာအစားအသောက်ရောင်းချပွဲကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲ၊ တိုင်းရင်းသားစည်းလုံးညီညွှတ်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲနှင့် တိုင်းရင်းသားရိုးရာ အစားအသောက် ရောင်းချပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမတွင် ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ပဲခူးဒီဂရီကောလိပ် တွဲဖက်ပါမောက္ခ ဒေါ်ဆွေဆွေသန်းက တိုင်းရင်းသားစည်းလုံးညီညွှတ်ရေးဆိုင်ရာ ပညာပေး ဟောပြောပြီး ကျောင်းသူ ကျောင်းသားလေးများက တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုကို ပြသကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ ပြည်ထောင်စုနေ့အကြို စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း၌ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း၊ ခရိုင်နှင့် မြို့နယ်မှ ရောင်းချသော ရခိုင်မုန့်တီ၊ ရှမ်းခေါက်ဆွဲ၊ မွန်သဘော်သီးသုပ်နှင့် အခြားတိုင်းရင်းသား အစားအစာများကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။**(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြု ဆီဆိုင်တွင် ကျေးရွာချင်းဆက် ကျေးလက်ကျောက်ချောလမ်းဖွင့်

ဆီဆိုင် ဖေဖော်ဝါရီ ၂၀

နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာချင်းဆက် ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက်၉နာရီက ဆီဆိုင်မြို့နယ် နောင်မွန်ကျေးရွာတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခိုင်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်ခက ကျေးလက်ကျောက်ချောလမ်းနှင့်ပတ်သက်သည်များ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံပေးအပ်ပြီး ကျေးလက်ကျောက်ချောလမ်းအား မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကျေးလက်လမ်းအား လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကက္ကူနှင့်ဒါးဆိပ် မြစ်ရေတင်လုပ်ငန်းများဖြင့် လယ်ယာများသို့ စိုက်ပျိုးရေများ ပေးဝေ

တောင်ကြီး မတ် ၁

တောင်ကြီးခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဆီဆိုင်မြို့နယ် ကက္ကူမြစ်ရေတင်လုပ်ငန်းနှင့် လင်းခေးခရိုင် ဒါးဆိပ်မြစ်ရေတင်လုပ်ငန်းများဖြင့် လယ်ယာများသို့ ရေများပေးဝေလျက်ရှိရာ ကက္ကူမြစ်ရေတင်စီမံကိန်းမှ နွေစပါး ဧက၁၀၀နှင့် လင်းခေးဒါးဆိပ်မြစ်ရေတင်စီမံကိန်းမှ မိုးစပါးအောင်ရေ ဧက ၂၀၀၊ နွေနှမ်း ဧက၂၀၀၊ ဧကပေါင်း ၄၀၀အား ရေများဖြန့်ဝေပေးလျက်ရှိသည်။

ထို့အပြင် တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်အတွင်း လယ်မြေဧက ၂၀၀၀အား ရေပေးဝေနိုင်မည့် ချမ်းမြေ့သာယာလျှပ်စစ်မြစ်ရေတင်စီမံကိန်းအား ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်းစတင်အကောင်အထည်ဖော်လျက်ရှိကြောင်းနှင့် မြို့ပြအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။**(က-ပ)**

အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် သံဘိုကျေးရွာ မြေသားလမ်းခင်းခြင်း လုပ်ငန်းအား ဇန်နဝါရီ ၃၁ရက်ကအမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးရဲလွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၃၁၆)

တိုင်းအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ တိုင်းမှူးဗိုလ်ချုပ်လှငွေးဝင်း ကြည့်ရှုအားပေး

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်း စစ်ဌာနချုပ် ၂၀၀၇ ခုနှစ်(၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တိုင်းအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ တိုင်းအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ၌ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်မ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိအဆင့်ရှစ်ဦး၊ အရာခံအဆင့်ရှစ်ဦး၊ အကြပ်အဆင့်ရှစ်ဦးနှင့် တပ်သားအဆင့် ၁၆ ဦး စုစုပေါင်း ၄၀ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တိုင်းအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

စမ်းချောင်းလမ်း တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၇

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ် ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက မတ်၁၅ ရက်မှ ၂၄ရက်ထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယလွှာတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီထိ နေ့စဉ်ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်းနှင့် ဖုန်း-၅၁၉၀၉၆ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု (၁၂၁)ကြိမ်မြောက်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၇

ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၁၂၁)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ၅၁လမ်းရှိ ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူးဒုတိယရဲမှူးကြီး အောင်နိုင်က ၂၀၀၇ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ ဆွေးနွေးသည်။

ထို့နောက် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ချက်များကိုအကြံပြု ဆွေးနွေးကြပြီးဒုတိယတိုင်းမှူးဗိုလ်မှူးကြီး ကျော်ကျော်ထွန်းက နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အာဆီယံနိုင်ငံလူငယ်ပညာရှင်များ ချစ်ကြည်ရင်းနှီးမှုရရှိရေး မြန်မာ့အင်ဖိုတက်ချ်အဆောက်အအုံ၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၇

The Regional Capacity Building Workshop to Promote Youth Initiated (ICT) Enterprise ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ အင်ဖိုတက်ချ် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ASEAN Secretariat Office မှ တာဝန်ရှိသူများ၊ အာဆီယံအသင်းဝင် နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ လူငယ်တာဝန်ခံနှင့် ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဦးနှင့် ကွန်ပျူတာ အသင်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေ

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ကြောင်းကြေညာပြီး ယဉ်ကျေးမှုဝန်ကြီးဌာနမှ လှပျိုဖြူလေးများက မြန်မာ့ရိုးရာ ယဉ်ကျေးမှုရိုးရာ အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ကကြိုဆိုနှုတ်ခွန်းဆက် စကားနှင့် အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် The Regional Capacity Building Workshop to Promote Youth Initiated (ICT) Enterprise ဖွင့်ပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

နှုတ်ဆက်

ထို့နောက်ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်သည် အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည်မြန်မာလူငယ်များတီထွင်ထားသော ICT နည်းပညာဆိုင်ရာ ပြခန်းများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပသည်။

စွမ်းရည်မြှင့်တင်

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို အာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံရှိ လူငယ် ပညာရှင်များတွေ့ဆုံ၍ အတွေ့အကြုံဖလှယ်ရန်၊ တိုးတက်သော နိုင်ငံများမှ နည်းပညာပံ့ပိုးမှုရရှိစေရန်၊ အာဆီယံနိုင်ငံများအတွင်းရှိ လူငယ်ပညာရှင်များ အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိစေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၉ ရက်အထိကျင်းပသွားမည်ဖြစ်ပြီး ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် လူငယ်များအတွင်း သတင်းအချက်အလက် နည်းပညာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း လုပ်ငန်းစွမ်းရည် မြှင့်တင်ခြင်းဆိုင်ရာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် ဗိုလ်ကြီးဖိုးသာရှာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၅-၂၀၀၆ခုနှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ စတုတ္ထတန်းမှ ပထမဆုရရှိသူ မမွှေးမွှေးသူအား ကျောင်းအုပ်ဆရာမကြီးက ဆုချီးမြှင့်စဉ်။ (က-ပ)

ဘရူနိုင်းဘုရင့်ဖလား အသက် ၂၁ နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်းအကြိုဗိုလ်လုပွဲတက်ပြီ

ရန်ကုန် မတ် ၇

၂၀၀၇ခုနှစ် တတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အသက် ၂၁ နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ Hassanal Bolkian Trophy For U-21 ASEAN Youth Football Championship 2007ကို ဆက်လက်ကျင်းပရာတွင် (ခ)အုပ်စုမှ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းက အိမ်ရှင်ဘရူနိုင်းနိုင်ငံ လူငယ်လက်ရွေးစင်ဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဦးဆောင်ကစား

မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းတွင် စည်သူသန်းနှင့် ပြည့်ဖြိုးဦးတို့က တစ်ဂိုးစီ သွင်းယူကြပြီး ပထမပိုင်းအပြီးတွင် မြန်မာလူငယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဒုတိယပိုင်း ပြန်လည်ကစားကြရာတွင် မြန်မာလူငယ်အသင်းအတွက် ကျော်ငွေးဦးက တတိယဂိုးကိုသွင်းယူပြီး ဘရူနိုင်းလူငယ်အသင်းမှ ချေပဂိုးတစ်ဂိုးသွင်းယူကာ ပြိုင်ပွဲအပြီးတွင် မြန်မာလူငယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အကြိုဗိုလ်လုပွဲတက်

မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းသည် (ခ)အုပ်စုတွင် သုံးပွဲကစား သုံးပွဲစလုံးနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမနေရာဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မတ် ၁၀ရက် ဒေသစံတော်ချိန် ည ၁၀နာရီတွင် (ခ)အုပ်စု ပထမ မြန်မာလူငယ်အသင်းနှင့် (က)အုပ်စု ဒုတိယရရှိသော အသင်းတို့သည် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသတင်း ရရှိသည်။

(သတင်းစဉ်)

ရွှေမင်းကံဆရာတော် ဓမ္မဒူတခရီးစဉ်

ရန်ကုန် မတ် ၇

မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားစခန်းပွဲများကို မတ် ၁၀ ရက်မှ ၁၆ ရက်အထိ မိုးညှင်းမြို့နယ်၌လည်းကောင်း၊ ၁၈ ရက်မှ ၂၄ ရက်အထိ မြစ်ကြီးနားမြို့ ပဋိပတ္တိမာမကကျောင်း၌လည်းကောင်း၊ ၂၆ ရက်မှ ၃၀ ရက်အထိ နမ္မတူမြို့ မြို့လယ်ဓမ္မာရုံ၌လည်းကောင်း၊ ဧပြီ ၃ ရက်မှ ၉ ရက်အထိ ချောက်မြို့နယ် မင်းကံရွာ၌လည်းကောင်း၊ ၁၁ ရက်မှ ၁၇ ရက်အထိ သင်္ကြန်တွင်းစခန်းပွဲကို ဒဂုံမြို့သစ်(အရှေ့ပိုင်း) ၄ ရပ်ကွက် ဩဇာလမ်း ရွှေမင်းကံကျောင်း၌လည်းကောင်း၊ ၂၁ ရက်မှ ၂ ရက်အထိ စလင်းမြို့နယ် ရေသမ/မင်းလျှင်ကျေးရွာများ၌လည်းကောင်း၊ ရန်ကုန်မြို့ ရွှေမင်းကံဆရာတော်က ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၇

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ဝေနေယျသုခကျောင်းတိုက် အာနာပါနဝိပဿနာ သင်္ကြန်တွင်း ခုနစ်ရက်အလုပ်ပေးတရားစခန်းကို ဝေနေယျသုခကျောင်းဆရာတော်ကြီး ဘဒ္ဒန္တနန္ဒသာရ(မြို့နယ်ဩဝါဒါစရိယ၊ မယ်လမုစေတီတော် ဩဝါဒါစရိယ)က ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများသည် ဧပြီ ၁၀ ရက်ညနေ ၅ နာရီ အရောက် လာရောက်တရားစခန်းဝင်နိုင်ကြောင်း သိရသည်။ **(က-ပ)**

8-3 (08) 1 3/8/07, 2:33 PM

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓတက္ကသိုလ်များအစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၇

သာသနာရေးဝန်ကြီးဌာန ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(သီတဂူ)တို့က ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်များ အစည်းအဝေးကို မတ် ၉ရက်မှ ၁၁ရက်အထိ ရန်ကုန်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ပုပ္ပားတောင်ဟိုတယ်တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၃ နိုင်ငံရှိ ဗုဒ္ဓတက္ကသိုလ်ပေါင်း ၁၉ခုတို့မှ ဗုဒ္ဓကျမ်းစာ ပညာရှိ ကထိက၊ ပါမောက္ခ၊ ပါမောက္ခချုပ် စုစုပေါင်း ၈၀ကျော် တက်ရောက်၍ ဗုဒ္ဓကျမ်းစာ၊ သုတ္တ၊ ဝိနယ၊ အဘိဓမ္မာ ဆိုင်ရာစာတမ်း ၄၀ ကျော် ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။

အစည်းအဝေးတွင် ဗုဒ္ဓတက္ကသိုလ်ပညာရှင်တို့၏နည်းစနစ်နှင့် အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ခြင်း၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ အစည်းအရုံးတစ်ခုထူထောင်ခြင်း၊ နည်းပညာ၊ နည်းပြနှင့် ကျောင်းသားများ အပြန်အလှန် လဲလှယ်ရေး သဘောတူညီချက် စာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အေးနေ့ဆဲ

၇-၃-၂၀၀၇

နေပြည်တော်	၁၅	ဒီဂရီစင်တီဂရိတ်
ဟားခါး	၀	ဒီဂရီစင်တီဂရိတ်
သီပေါ	၉	ဒီဂရီစင်တီဂရိတ်
မကွေး၊ သံတွဲ	၁၁	ဒီဂရီစင်တီဂရိတ်
တောင်ကြီး	၁၂	ဒီဂရီစင်တီဂရိတ်
မန္တလေး၊ဘားအံ	၁၈	ဒီဂရီစင်တီဂရိတ်
သထုံ	၂၁	ဒီဂရီစင်တီဂရိတ်
မြိတ်	၂၄	ဒီဂရီစင်တီဂရိတ်

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ ရန်ကုန်-ပဲခူး-မော်လမြိုင် ကားလမ်းတစ်လျှောက် လမ်း၊တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ စစ်တောင်းတံတား(မုပ္ပလင်)တံတား စီမံကိန်းရှင်းလင်းဆောင် မုပ္ပလင်ဘက်ကမ်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ဝန်ကြီးအား တာဝန်ခံအင်ဂျင်နီယာမှူး ဦးကျော်လင်းက စစ်တောင်းတံတား(မုပ္ပလင်)တည်ဆောက်ရေးလုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေမှုနှင့် တံတား၏ချဉ်းကပ်လမ်း ဝေါဘက်ကမ်းနှင့် မုပ္ပလင်ဘက်ကမ်း၌ မြေသားတာပေါင်ဖို့ခြင်း၊ ဒု-အခြေခံလွှာ ဂဝံကျောက်ခင်းခြင်း၊ အခြေခံလွှာခွဲကျောက်ခင်း၍ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးသည် ဝေါဘက်ကမ်းနှင့် မုပ္ပလင်ဘက်ကမ်း ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည့်တံတားကြီးပေါ်မှ ကားများဖြင့်ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးက ကုန်တင်ဝန်လေး ယာဉ်ကြီးများခံနိုင်သည့် လမ်းပုံစံအတိုင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချိန်အမီ ပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ခံ အင်ဂျင်နီယာများအားမှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ဆက်သွယ်မည်

စစ်တောင်းတံတား (မုပ္ပလင်)မှာ ယခုလက်ရှိ စစ်တောင်းတံတား(သိမ်ဇရပ်)၏အောက် လေးမိုင်ခန့်အကွာ ဝေါ မြို့နယ် ကံကြီးဆိပ်ရွာနှင့် ကျိုက်ထိုမြို့နယ် စစ်တောင်းရွာတို့ အနီး၊ စစ်တောင်းမြစ်ကို ဖြတ်ကျော် တည်ဆောက်သည့်တံတားဖြစ်သည်။အဆိုပါ တံတားမှာ ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်း လမ်းမိုင်တိုင်(၈၁/၄)မှ စစ်တောင်း- ညောင်ခါးရှည်-ဒိုက်ဦး လမ်းအတိုင်း ခြောက်မိုင်နှစ်ဖာလုံအကွာ ကံကြီးဆိပ်ရွာဘက်နှင့် စစ်တောင်းရွာမှ တစ်မိုင် လေးဖာလုံအကွာ၊ ရန်ကုန်-ထားဝယ်-မြိတ်- ကော့သောင်းလမ်းမိုင်တိုင်(၉၃/၀)သို့ ဆက်သွယ်ပေးမည်ဖြစ်သည်။

ဆောင်ရွက်

စစ်တောင်းတံတား (မုပ္ပလင်)မှာ ပင်မတံတားသံပေါင်၁၃၆၅ ပေ၊ ချဉ်းကပ်တံတားမှာ သံမဏိရက်မနှင့်သံကူကွန်ကရစ်ရက်မတို့ဖြင့် မုပ္ပလင်ဘက်၌ ၂၄၃ ဒသမ ၆ ပေ၊ ဝေါဘက်၌ ၇၈၄ ဒသမ ၁ ပေ၊ စုစုပေါင်း ၂၃၉၂ ဒသမ ၇ ပေ အရှည်ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် ခြောက်ပေစီနှင့် နှစ်ဖက်ပါရှိ၍ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်သည်။ ယခုအခါ တံတားလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးလျက် ချဉ်းကပ်လမ်းလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုပညာရပ်သင်တန်းများ ဖွင့်လှစ်

ရန်ကုန် မတ် ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း၌ မတ် ၅ ရက်နံနက်ပိုင်းက အခြေခံအဆောက်အအုံ၊ လျှပ်စစ်နှင့်ဂဟေ၊ စက်ပြင်သင်တန်း အမှတ်စဉ်(၂/၂၀၀၇) သင်တန်းများဖွင့်ပွဲ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးတင်ဝင်း တက်ရောက်အမှာစကား ပြောကြားဖွင့်လှစ်ပေးပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ တိုင်းရင်းသားခေါင်းဆောင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံရပ်မိရပ်ဖများ တက်ရောက်ကြသည်။

သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၆ပတ် ဖြစ်သည်။ သင်တန်းအား နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအား စက်မှုပညာရပ်များတတ်မြောက်ပြီး ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် အခမဲ့သင်ကြားပေးကြောင်း သိရသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် သင်တန်းများဖွင့်ပွဲ တက်ရောက်ပြီး ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှု ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုအားပေး

ရန်ကုန် မတ် ၇

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်၌ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေးအားပေးသည်။ (အပေါ်ပုံ)

တင်ပြ

ရှေးဦးစွာ မြို့တော်ဝန်အား မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ တာဝန်ရှိသူတို့က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ မြို့တော်ဝန်က သွေးလွန်တုပ်ကွေးရောဂါ ကင်းစင်မှုရှိစေရေးအတွက် သန့်ရှင်းရေးနှင့် ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် မှာကြားသည်။

စစ်ဆေး

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ထန်းတပင်လမ်း အောင်ချမ်းသာဓမ္မာရုံ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောနေမှုနှင့် ရတနာမြိုင်လမ်း၌ ပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများ ပညာပေးသရုပ်ပြသခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

တစ်ပြိုင်တည်း

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်း ဆောင်ရွက်မှုကို မရမ်းကုန်း၊ တာမွေ၊ မြောက်ဥက္ကလာပ၊ ရန်ကင်း၊ ဗိုလ်တထောင်၊ ဒလ၊ လှိုင်သာယာ၊ လှိုင်၊ ရွှေပြည်သာ၊ ဒဂုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အလုံနှင့် လမ်းမတော်မြို့နယ်တို့၌ ယနေ့ နံနက်ပိုင်းတွင် တစ်ပြိုင်တည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မှာကြား

ယင်းနောက်မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် လှိုင်မြို့နယ်(၁၃)ရပ်ကွက် ပန်းခြံကျောင်းလမ်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ဆောင်ရွက်လျက်ရှိသော ဘောလုံးကွင်းနှင့် ကလေးအားကစားကွင်း တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ **ကျောဖုံးမှ**

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် ဝက်လက် မြို့နယ် အရှေ့ရွှေကျင်ကျေးရွာ သဇ္ဇနာနန္ဒကျောင်းတိုက် ပဓာနနာယက ဆရာတော် မြို့နယ်သြဝါဒါစရိယ သာသနဓဇ သိရီပဝရ၊ ဓမ္မာစရိယ ဘဒ္ဒန္တသဂ္ဂနာဘိသီရိအားဖူးမြော်၍ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ကပ်လှူသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် အရှေ့ရွှေကျင်ကျေးရွာ မူလတန်းလွန် ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ကျောင်းဆောင်သစ်ဖွင့်

အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို အလှူရှင် ဦးဝင်းဦးနှင့် မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ အရှေ့ရွှေကျင်ကျေးရွာမှ စုပေါင်းပေးအပ်သော အသင်းဝင် အဆိုပြုလွှာ ၄၁၂ စောင်ကို ရွှေဘိုခရိုင် အတွင်းရေးမှူးက လက်ခံပြီး ဒေသခံတစ်ဦးက အသင်းဝင် အဆိုပြုလွှာ ပေးအပ်ရခြင်းကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင်က အမှာစကား ပြောကြားပြီး စာသင်ခုံများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

တည်ဆောက်လှူဒါန်း

ယနေ့ဖွင့်လှစ်သောကျောင်းဆောင်သစ်မှာ အလျားပေ ၉၀၊ အနံ ၂၆ပေရှိ တစ်ထပ်အုတ်ညှပ် သွပ်မိုး အဆောက်အအုံဖြစ်ပြီး ဝက်လက်မြို့နယ် ရှိမ်းမကားကျေးရွာနေ ဦးဝင်းဦး၊ ဒေါ်ခင်နန်းမြိုင်မိသားစုက ငွေကျပ် ၈၃ သိန်း အကုန်အကျခံ တည်ဆောက်လှူဒါန်းခြင်း ဖြစ်သည်။

လျှပ်စစ်ဓာတ်အားပေးစက်ဖွင့်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ဝက်လက်မြို့နယ် ရုံးပင်ကုန်းကျေးရွာ စပါးခွဲလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက် ဖွင့်ပွဲသို့ တက်ရောက်၍ အလှူရှင်နှင့်အတူ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး၍ ဗဟိုအလုပ်အမှုဆောင်က မီးခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မီးစက် အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်မီးပေးနိုင်

ယနေ့ဖွင့်လှစ်သည့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ကို သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် ဘဒ္ဒန္တပညာနန္ဒက ငွေကျပ်သိန်း ၅၀ အကုန်အကျခံ တည်ဆောက်လှူဒါန်းပြီး ကျေးရွာအတွင်း အိမ်ခြေ ၁၈၀ ကို ညစဉ် ၆ နာရီမှ ၁၀ နာရီအထိ လျှပ်စစ်မီး ပေးနိုင်မည်ဖြစ်သည်။

စာကြည့်တိုက်ဖွင့်

ယင်းနောက်ဗဟိုအလုပ်အမှုဆောင်သည် ဝက်လက်မြို့နယ် ဖိုးဝင်းတပ်ကျေးရွာ ရှုဝံကြယ်စာကြည့်တိုက် ဖွင့်ပွဲသို့ တက်ရောက်၍ အလှူရှင်နှင့်အတူ စာကြည့်တိုက်ကို ဖွင့်လှစ်ပေးပြီး ဂျာနယ်မျိုးစုံနှင့် မဂ္ဂဇင်းများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယနေ့ ဖွင့်လှစ်သော ရှုဝံကြယ်စာကြည့်တိုက်ကို သီတဂူကြယ်တစ်ပွင့် ဆရာတော်ဘဒ္ဒန္တပညာနန္ဒက ငွေကျပ်သိန်း ၄၀ အကုန်အကျခံတည်ဆောက်လှူဒါန်းခြင်း ဖြစ်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် သာလိုင်းကျေးရွာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ရန် ဆရာတော် အရှင်ပညာနန္ဒ၏ မတည်လှူဒါန်းငွေ ကျပ် ၁၀ သိန်းကို အလှူရှင်ကိုယ်စား ဗဟိုအလုပ်အမှုဆောင်က တာဝန်ရှိသူများထံ ပေးလှူပြီး ရှုဝံကြယ်စာကြည့်တိုက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကျင်းပသော ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးကာ ယှဉ်ပြိုင်ကစားခဲ့ကြသော ရှိမ်းမကားနှင့် တပ်ရွာကျေးရွာ အသင်းတို့အား ဆုငွေနှင့် ဆုများချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Topcon အမှတ်တံဆိပ် မြေတိုင်းပစ္စည်းများ ပြပွဲနှင့် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မတ် ၇

Topcon South Asia Pte .Ltd. နှင့် Concordia International Co., Ltd. တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဂျပန်နိုင်ငံလုပ် နည်းပညာအရည်အသွေးမြင့် Topcon အမှတ်တံဆိပ်မြေတိုင်းပစ္စည်းများ (Surveying Instruments)နှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ Concordia International Co., Ltd. မှ Sales Managing ဦးညီညီမင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

လက်တွေ့တိုင်းတာ

ယင်းနောက် Topcon South Asia Pte. Ltd. မှ Regional Support Engineer, Mr. Micheal Goh က Topcon အမှတ်တံဆိပ် မြေတိုင်းပစ္စည်းများ၏ အဆင့်မြင့်နည်းပညာများအကြောင်း၊ မြေတိုင်းတာရေးလုပ်ငန်းမျိုးစုံကို တိကျသော တိုင်းတာရေးအဖြေများရရှိအောင် တိုင်းတာနိုင်သည့် နည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားပြီး **(အောက်ပုံ)** Topcon Imaging Total Station GPT-7000i နှင့် PI-3000 Software အသုံးပြု၍ အရာဝတ္ထုများကို 3D View ပုံဖော်အောင် တိုင်းတာမှုနည်းစနစ်များကို လက်တွေ့တိုင်းတာ ပြသသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် နည်းပညာအရည်အသွေးမြင့် Topcon Surveying Instruments များကို လှည့်လည်ကြည့်ရှုပြီး မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

Topcon Imaging Total Station GPT-7000i စက်၏ အားသာချက်မှာ ရိုးရိုး Total Station များတွင် မပါရှိသော CCTV Camera ပါရှိခြင်းကြောင့် မိမိတိုင်းတာခဲ့သော အမှတ်များကို တိုင်းတာမှုပြုလုပ်နေစဉ်အတွင်း စစ်ဆေးကြည့်ရှုနိုင်ခြင်း၊ ကွန်တိုမျဉ်းများကို လျင်မြန်စွာရေးဆွဲနိုင်ခြင်း၊ အရာဝတ္ထုများ၏ ပုံသဏ္ဌာန်၊ ထုထည်များကို 3D View ဖြင့်ပုံဖော်ကြည့်ရှုနိုင်သည့်အပြင် အချိန်ကုန်သက်သာပြီး ပိုမို၍တိကျသော တိုင်းတာမှုအဖြေများကို ရရှိနိုင်ပြီး အသုံးပြုသူများ စိတ်ကျေနပ်မှုရရှိစေရန် ထိရောက်မြန်ဆန်သော ထောက်ပံ့မှုများနှင့် ပစ္စည်းဝယ်ယူပြီးနောက်ပိုင်း၌လည်း ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် စီစဉ်ထားသည်။

Topcon အမှတ်တံဆိပ် မြေတိုင်းပစ္စည်းများနှင့် ပတ်သက်၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ရွှေဂုံပလာဇာ ဖုန်း-၀၉-၅၀၀-၅၉၁၂၊ ၅၄၄၁၉၉၊ ၅၄၄၈၂၄၊ ၅၅၈၃၈၆ နှင့် ၅၅၈၄၃၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

ဒီမိုကရေစီရေး၊ အမျိုးသားရေး အရေခြုံထားသော ပြည်ပသြဇာခံ ပုဆိန်ရိုးများအား သတိထား

စာရေးသူ ဟာသတစ်ခုကို အခုလိုဖတ်ခဲ့ဖူးတယ်။ ဆေးခန်းတစ်ခုမှာ ဖြစ်တယ်။ ဆရာဝန်က လူနာကိုမေးတယ်။ အရက်သောက်သလား၊ မသောက်ပါဘူး။ ဆေးလိပ်ကော သောက်သလား၊ ဟင့်အင်း။ ဖဲကစားသလား၊ ဝါသနာမပါဘူး။ မိန်းမလိုက်စားသလား၊ ဝေးဝေးက ရှောင်ပါတယ်တဲ့။ အဲ့ဒီအခါမှာ ဆရာဝန်က "ဒါဆို ခင်ဗျားဆီမှာ ဘာအကျင့်ဆိုးမှ မရှိဘူးပေါ့"လို့ မေးပြော ပြောလိုက်တယ်။ ဒီတော့မှ လူနာက "တစ်ခုတော့ ရှိပါတယ်"တဲ့။အဲ "ဘာလဲ"လို့မေးလိုက်တော့"လိမ်တတ်တဲ့အကျင့်ပါ"တဲ့။

အခုလည်း အနောက်သြဇာခံ သတင်းဌာနတွေ ဘာအကျင့်ဆိုးမှ မရှိပါဘူး။ လိမ်တတ်တဲ့အကျင့်တစ်ခုသာ ရှိတယ်လို့ ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ပြည်တွင်းပြည်ပ အနောက်သြဇာခံတွေ၊ လက်ပါးစေတွေ ပြောသမျှ ဆိုသမျှကို လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးလို့ လိမ်ညာထုတ်လွှင့်ပြီး တိုင်းချစ်ပြည်ချစ် မြန်မာအမျိုးသား အင်အားစုမှန်သမျှရဲ့ ပြောသမျှ ဆိုသမျှ လုပ်ကိုင်ဆောင်ရွက်သမျှကို စစ်အစိုးရ သြဇာခံတွေ၊ ငွေပေးလို့ လုပ်တာတွေလို့ လိမ်ညာထုတ်လွှင့်နေလို့ပဲ ဖြစ်ပါတယ်။

ဒီကနေ့ ကမ္ဘာမှာ အနောက်အုပ်စုအပေါင်းပါတွေက ထူထောင်ပေးထားတဲ့ သြဇာခံသတင်းဌာနတွေ ရှိနေပါတယ်။ ဒီသတင်းဌာနတွေဟာ အနောက်အုပ်စု အလိုကျ၊ အရှင်သခင်တွေအလိုကျ ရပ်တည်ထုတ်လွှင့်နေကြရပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံအပေါ် အနောက်ဆရာကြီးများက အလိုမကျတဲ့အတွက် အမှန်ကို အမှား၊ အကောင်းကို အဆိုး အဆိုးမြင်သက်သက် ထုတ်လွှင့်တိုက်ခိုက်ပေးနေရပြီး မြန်မာပြည်တွင်းမှ သူတို့ရဲ့ သြဇာခံ ဒေါ်စုကြည်နဲ့ NLD အပေါ် တစ်ဖက်သတ် အကောင်းမြင်သက်သက် ထုတ်လွှင့်ပေးနေရပါတယ်။ အမှန်တရားကို ရှာဖွေရင် ပကတိဘဝမှာ ရှာဖွေရမယ့်အစား ပကတိအမှန်တရားကို မျက်ကွယ်ပြုပြီး မလိုတစ်မျိုး လိုတစ်မျိုးကျင့်သုံးနေတဲ့ အနောက်ဆရာကြီးနဲ့ အပေါင်းပါတွေအပေါ် နိုင်ငံတကာက ဆန့်ကျင်ဝိုင်းပယ်လာကြသလို ၎င်းတို့ရဲ့သြဇာခံ သတင်းဌာနတွေကိုလည်း နိုင်ငံတကာက အန္တရာယ်အဖြစ် ရှုမြင်လာနေကြပါတယ်။

ဒေါ်စုကြည်ကို ဒီမိုကရေစီခေါင်းဆောင်လို့ အဲဒီ အနောက်သြဇာခံ သတင်းဌာနတွေက မြှောက်ပင့် ထုတ်လွှင့်ပြောဆိုနေပါတယ်။ တကယ်ဆိုရင် ဒီမိုကရေစီခေါင်းဆောင်ရယ်လို့ မရှိအပ်ပါဘူး။ ဒီမိုကရေစီဆိုတာ ပြည်သူလူထုက ပြည်သူ့အတွက် ပြည်သူကိုယ်တိုင် တင်မြှောက်တဲ့ အစိုးရလို့ ဖွင့်ဆိုကြပါတယ်။ ဒါကြောင့် ဒီမိုကရေစီရဲ့ခေါင်းဆောင်ဟာ ပြည်သူလူထုသာဖြစ်ရမယ်။ ဘယ်လိုမှ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်က ဒီမိုကရေစီခေါင်းဆောင် မဖြစ်နိုင်ပါ။ ဒီမိုကရေစီကိုခေါင်းဆောင်တွေက မဖန်တီးနိုင်၊ ပြည်သူလူထုကသာ ဖန်တီးနိုင်တယ် (Leaders do not make democracy people do.)ဆိုတဲ့ ဒီမိုကရေစီကျင့်စဉ်နဲ့ ကြည့်မယ်ဆိုရင်လည်း ဒီမိုကရေစီခေါင်းဆောင်ဟာ ပြည်သူလူထုသာဖြစ်တယ်။ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက် မဖြစ်နိုင်ပါဘူး။ ဒါတွေကို သိလျက်နဲ့ အနောက်သြဇာခံ သတင်းဌာနတွေက ဒေါ်စုကြည်ကို ဒီမိုကရေစီခေါင်းဆောင်လို့ မြှောက်ပင့်ပြောဆို အမွှမ်းတင်နေတာဟာ အနောက်ဆရာကြီးနဲ့ အပေါင်းပါတွေက ဒေါ်စုကြည်ကို မြန်မာပြည်တွင်းမှာ ရုပ်သေးရုပ်လို အသုံးချဖို့ လှည့်စားမှုတစ်ရပ်သာ ဖြစ်ပါတယ်။

မကြာသေးခင်က မြန်မာ့အရေးကို လုပ်ဇာတ်ခင်း ပုံကြီးချဲ့ပြီး လုံခြုံရေးကောင်စီကို အသုံးချ အကျပ်ကိုင်ဖို့ မူကြမ်းတင်သွင်းခဲ့တဲ့ အမေရိကန်နဲ့ ဗြိတိန်သံရုံးရှေ့မှာ မျိုးချစ်အင်အားစုအချို့က ဆန္ဒပြဆန့်ကျင်ခဲ့ကြပါတယ်။ ဒီသတင်းမှန်ကို RFA က လိမ်ညာပြီး ပြည်တွင်းက အမျိုးသားသစ္စာဖောက်တစ်ဦးနဲ့ အတိုင်အဖောက်လုပ်ပြီး နေ့တွက်တစ်နေ့ ကျပ်သုံးထောင်ပေးပြီး အခုလိုဆန္ဒပြခိုင်းတာဖြစ်တယ်လို့ လုပ်ကြံထုတ်လွှင့်ခဲ့ပါတယ်။ မြန်မာပြည်သူ ၅၅ သန်းကျော်တို့က အနောက်သြဇာခံ ဒေါ်စုကြည်နဲ့ NLD ကိုသာ ထောက်ခံရင် အခုလို NLD ပါတီဟာ ပူဖောင်းကြီးကို အပ်နဲ့ဖောက်လိုက်သလို ပိန်ချုံး ချုပ်ငြိမ်းလာမယ် မဟုတ်ပါဘူး။ ဒါဟာ ပြည်ပသြဇာခံတွေရဲ့ သွားရာလမ်းဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ် ဆိုတာဟာလည်း အသွင်အားဖြင့် ဒေါ်စုကြည်နဲ့ NLD ကို ထောက်ခံတယ်လို့ ထင်ရနိုင်ပါတယ်။ ဒါပေမယ့် အနှစ်သာရအားဖြင့် တစ်ပါတီစနစ်ကျင့်သုံးခဲ့တဲ့ အကျပ်အတည်းကို ဆန့်ကျင်ဖော်ပြမှုသာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံအကျိုးအတွက် ဘာတစ်ခုမျှ ဆောင်ရွက်မှုမရှိသေးတဲ့ ဒေါ်စုကြည်နဲ့ NLD ကို ပြည်သူတွေ ထောက်ခံစရာအကြောင်း တစ်စုံတစ်ရာ မရှိသေးလို့ပါပဲ။ အလားတူပဲ ဒေါ်စုကြည်ကိုလည်း ပြည်သူတွေ ထောက်ခံစရာအကြောင်း မရှိသေးပါဘူး။ ဗိုလ်ချုပ်အောင်ဆန်း သမီးဆိုတဲ့ ထောက်ခံမှုသာဖြစ်တယ်။

ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့သမားနဲ့ ဖက်ဆစ်တွေကို အသက်ပေး တိုက်ပွဲဝင်သွားခဲ့ပါတယ်။ အမျိုးသားရေးအတွက် အသက်ပေးပြီး ကြိုးပမ်းသွားခဲ့တယ်။ ဒေါ်စုကြည်က အမျိုးသားရေး အကျိုးကို လုံးဝဆန့်ကျင်ပြီး အနောက်အုပ်စုသြဇာကို အကြွင်းမဲ့ ခံယူကျင့်သုံးတယ်။ အမျိုးသားရေးအင်အားစုတွေကို ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ပြီး အနောက်အုပ်စုအလိုကျ အကြွင်းမဲ့ နာခံ ဆောင်ရွက်တယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါ်စုကြည်ဟာ ပြဒါးတစ်လမ်း သံတစ်လမ်း၊ အရှေ့နဲ့ အနောက်၊ တောင်နဲ့ မြောက်လို ကွဲပြားခြားနားတယ်ဆိုတာကို ဒီကနေ့ ပြည်သူတွေ ထင်ရှားစွာ သိမြင်လာခဲ့ပါပြီ။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ NLD ကို မဲပေးခဲ့တာဟာ တပ်မတော်အစိုးရအပေါ် ဆန့်ကျင်လို့မဟုတ်ဘူး။ တပ်မတော်အစိုးရကလည်း ပြိုင်ဘက် ပါတီတစ်ခုအနေနဲ့ ရပ်တည်ခဲ့တာ မဟုတ်ပါဘူး။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားရေးအကျိုးအတွက် အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်နေတာသာဖြစ်တယ်။ ဒါကြောင့် တပ်မတော်အစိုးရ ရှေ့ဆောင်တဲ့ နိုင်ငံထူထောင်ရေးလုပ်ငန်းတွေဟာ အရင် ဘယ်ခေတ်နဲ့မျှမတူအောင် အောင်မြင်တိုးတက်လာတယ်။ အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီရေး ကြိုးပမ်းမှုတွေ အောင်မြင်တိုးတက်နေတာဖြစ်ပါတယ်။ ဒီကနေ့ မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ကို အကောင်အထည်ဖော်နေပြီဖြစ်တယ်။ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားကိုယ်စားလှယ် အလွှာစုံတက်ရောက်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူတွေ၊ အသေးစိတ်အခြေခံမူတွေကို ညှိနှိုင်းချမှတ်လို့ အပြီးသတ်တော့မယ် ဖြစ်ပါတယ်။

လှသိန်းဆွေ

အဲဒီ အမျိုးသားညီလာခံကြီးမှာ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ တစ်စိတ်တစ်ဝမ်းတည်း တက်ရောက်နေခဲ့ကြတဲ့ NLD အရွေးချယ်ခံ ကိုယ်စားလှယ် ၈၀ ကျော်ဟာ ၁၉၉၅ ခုနှစ် ဒေါ်စုကြည် တားဆီးအမိန့်က လွတ်မြောက်လာတဲ့အချိန်မှာ ဒေါ်စုကြည်တစ်ဦးတည်းရဲ့ ညွှန်ကြားချက်ကို လက်ညှိုးထောင် ခေါင်းညိတ်ပြီး အမျိုးသားညီလာခံကြီးကို ဆန့်ကျင် ထွက်ခွာခဲ့ရတယ်။ အဲဒီတုန်းက မြန်မာနိုင်ငံသို့ရောက်ရှိနေတဲ့ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ် မယ်ဒလင်းအောလ်ဘရိုက်နဲ့ တွေ့ဆုံအပြီးမှာ ဒေါ်စုကြည်က အမျိုးသားညီလာခံမှ ထွက်ခွာဖို့၊ အမျိုးသားပြန်လည်စည်းလုံးရေးကို ဆန့်ကျင်ဖို့ ညွှန်ကြားခဲ့တာဖြစ်တယ်။

ဒေါ်စုကြည်ဟာ ဒီမိုကရေစီခေါင်းဆောင်လား၊ ပါတီအာဏာရှင်လား။ NLD မှာ ဒေါ်စုကြည်ရဲ့ဆန္ဒဟာ တရားဥပဒေ၊အရာရာမှာ ဒေါ်စုကြည်ရဲ့ဆန္ဒဟာ အဆုံးအဖြတ်ဖြစ်နေပါတယ်။ ဒီကနေ့ NLD တောင်းဆိုနေတဲ့ တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေးဟာလည်း ဒေါ်စုကြည်ရဲ့ ဆန္ဒပါ။ ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီဆိုတာလည်း ဒေါ်စုကြည်ရဲ့အလိုဆန္ဒပေါ်မှာ မူတည်နေပါတယ်။ဒါတွေကို သိပါလျက်နဲ့ အနောက်သြဇာခံ သတင်းဌာနတွေက ဒေါ်စုကြည်ကို ဒီမိုကရေစီခေါင်းဆောင်လို့ အမွှမ်းတင် ပြောဆိုထုတ်လွှင့်နေတယ်။ ဒါဟာ အနောက် ဆရာကြီးများ အလိုကျ ပြောဆိုထုတ်လွှင့်နေမှုဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

ဒီကနေ့မှာ အဲဒီလို အမေကျော် ဒွေးတော်လွမ်းတဲ့ ပြည်ပသြဇာခံတွေရဲ့လုပ်ရပ်အပေါ် မခံမရပ်နိုင်တဲ့ တိုင်းချစ်ပြည်ချစ် အမျိုးသားအင်အားစုတွေ ပိုမိုခိုင်မာကြီးထွားလာနေပါတယ်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်က ရန်ကင်းမြို့နယ် ကျောက်ကုန်းကျောင်းကြီးတိုက်မှာ အမျိုးသားနိုင်ငံရေးအင်အားစုများရဲ့ ပြည်ထောင်စုနေ့အကြို တွေ့ဆုံပွဲနဲ့ သတင်းထုတ်ပြန်ကြေညာတဲ့ သတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ်ခဲ့ပါတယ်။ အဲဒီမှာပါဝင်ခဲ့တဲ့ အဖွဲ့အစည်းခုနစ်ဖွဲ့မှာ အမျိုးသားနိုင်ငံရေးအင်အားစုများ၊ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ ဝံသာနု NLD အဖွဲ့ဝင်များ၊ မန္တလေးတိုင်းနုတ်ထွက် NLD များ၊ အမျိုးသားညီလာခံ တက်ရောက်နေကြတဲ့ တစ်သီးပုဂ္ဂလအရွေးချယ်ခံ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြပါတယ်။ အဲဒီလို တိုင်းချစ်ပြည်ချစ် အမျိုးသားရေး အင်အားစုတွေရဲ့ တွေ့ဆုံပွဲနဲ့ သတင်းစာရှင်းလင်းပွဲကို ပြည်သူတွေ အထင်အမြင်လွဲမှားအောင် ၁၀-၂-၂၀၀၇ ရက် ညဘက် RFA သတင်းမှာ လူလေးငါးရာ တက်ရောက်ကြောင်း၊ လှဘုရင်ပရိဘောဂလုပ်ငန်းမှ လုပ်သားများကို တစ်နေ့ကျပ်သုံးထောင်နှုန်း နေ့တွက်ပေးပြီး တက်ခိုင်းကြောင်း မဟုတ်မမှန် လုပ်ကြံထုတ်လွှင့်သွားပါတယ်။ အခမ်းအနား လာရောက်ပြင်ဆင်ပေးတဲ့ အလုပ်သမားအချို့ကလွဲပြီး အမှန်တကယ်တက်ရောက်ကြတဲ့ အင်အားစုတွေဟာ အမျိုးသားနိုင်ငံရေးအင်အားစု (၇)ဖွဲ့မှ အဖွဲ့ဝင်များနဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာများဖြစ်ပါတယ်။ အဲဒီလို အနောက်ရဲ့ သြဇာခံလက်ပါးစေ RFA သတင်းဌာနရဲ့ အကြံပက်စက် ဆန်ကောလောက်မှ ဇောက်မနက်တဲ့ လိမ်ညာထုတ်လွှင့်မှုအပေါ် အမျိုးသားနိုင်ငံရေး အင်အားစုအဖွဲ့ (၇)ဖွဲ့မှ အဖွဲ့ဝင်များက အလွန်ပင် မခံမရပ်နိုင်ဖြစ်ကြရပါတယ်။

စာရေးသူကိုယ်တိုင်လည်း တက်ရောက်ခဲ့တဲ့အတွက် အခုလို RFA ရဲ့ လိမ်ညာထုတ်လွှင့်ခဲ့မှုအပေါ် လုံးဝ မခံမရပ်နိုင်ဖြစ်ခဲ့ရတယ်။ ဒါကြောင့် ပြည်သူတွေ အမှန်အတိုင်းသိအောင် ဒီဆောင်းပါးကို ရေးသားတင်ပြရတာ ဖြစ်တယ်။

အထူးသဖြင့် RFA ဟာ အဓမ္မ ဗိုလ်ကျစိုးမိုးရေးဝါဒီ၊ နယ်ချဲ့လက်သစ်များဖြစ်သော အနောက်အုပ်စု ဆန့်ကျင်ရေး ဆောင်းပါးများ ရေးသားတဲ့ စာရေးဆရာများကို အနောက်ဆရာကြီးရဲ့ လက်ပါးစေ ပီသစွာဖြင့် အလံနီလို့ စွပ်စွဲလေ့ရှိပါတယ်။ ဒီမိုကရေစီ ဆန့်ကျင်ရေးသမားတွေလို့ လွဲမှားစွာ ပုံဖော်နေတာဖြစ်ပါတယ်။ ပြည်တွင်းက ဆောင်းပါးရှင်တွေဟာ ဘယ်သူမျှ အလံနီနဲ့ ဗကပဝါဒကို မရေးကြဘူး။ အောင်မိုးစံဆိုရင် လက်ဝဲစွန်းအလံနီနဲ့ ဗကပတို့ရဲ့ အမှားကို ဖော်ထုတ်ရေးသားနေသူသာ ဖြစ်တယ်။ အလားတူပဲ စာရေးဆရာ မောင်စေတနာ (B.A, B.Ed) တို့ဟာလည်း ဘယ်လိုမှ အလံနီနဲ့ မပတ်သက်ကြပါဘူး။ ကမ္ဘာ့ကွန်မြူနစ် စနစ်အမှားကို ဖော်ထုတ် ရေးသားနေသူတွေသာ ဖြစ်တယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

အမျိုးသားရေး၊ အမျိုးသားနိုင်ငံရေးဆိုတာ မြန်မာတစ်မျိုးသားလုံး နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့စဉ်က နိုင်ငံလွတ်လပ်ရေးအတွက်ကြိုးပမ်းခဲ့တဲ့ တစ်မျိုးသားလုံးအရေး၊ တစ်မျိုးသားလုံးအကျိုးဖြစ်။ ဒီခံယူချက်နဲ့ လွတ်လပ်ရေးကြိုးပမ်းခဲ့တာဖြစ်။ လွတ်လပ်ရေးရလာတဲ့အခါလည်း ပါတီစွဲ ပုဂ္ဂိုလ်စွဲ ဝါဒဂိုဏ်းဂဏစွဲ လူမျိုးစွဲကင်းစွာ တစ်မျိုးသားလုံး အကျိုးစီးပွားကို ဆောင်ရွက်တာဟာ အမျိုးသားနိုင်ငံရေး၊ အမျိုးသားရေးဖြစ်။ အမျိုးသားရေးရဲ့ ရန်သူဟာ ပြည်ပက နယ်ချဲ့ကျူးကျော်မှု ဝင်ရောက်စွက်ဖက်မှု၊ ပြည်ပသြဇာခံပြီး အမျိုးသားရေးအပေါ် သစ္စာဖောက်မှုများဖြစ်။

၁၉၈၈ ခုနှစ်မှာ နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဝင်ရောက်ထမ်းဆောင်လာခဲ့ရတဲ့ တပ်မတော်အစိုးရဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားရေး အကျိုးစီးပွားဖြစ်တဲ့ အမျိုးသားနိုင်ငံရေးတာဝန်ကို အစဉ်တစိုက် ကျေပွန်စွာထမ်းဆောင်နေတာဖြစ်။

စာမျက်နှာ ၁၀ မှ

လူတွေမှာ မတူတဲ့သမိုင်းကြောင်းကိုယ်စီ ရှိမြဲဖြစ်တယ်။ ဒီကနေ့ အရှေ့ဥရောပနိုင်ငံတွေဟာလည်း တစ်ချိန်က ကွန်မြူနစ် ဆိုရှယ်လစ် နိုင်ငံတွေဖြစ်ပါတယ်။ လူတစ်ယောက်ဟာ တစ်ချိန်က ဘာဖြစ်ဖြစ်၊ ဒီကနေ့ ဘာဖြစ်နေသလဲဆိုတာနဲ့သာ အဆုံးအဖြတ်ဖြစ်ပါတယ်။ တစ်ချိန်က လူဆိုးလူပေတစ်ယောက်ဟာ ဒီကနေ့ သူတော်ကောင်း သူမြတ်လောင်း ဖြစ်နေရင် လူဆိုးလူပေပဲလို့ တရားသေ မသတ်မှတ်နိုင်။ အဲဒီလိုသာ တရားသေသတ်မှတ်ကြမယ်ဆိုရင် NLD ဥက္ကဋ္ဌ ဦးအောင်ရွှေဟာလည်း တစ်ချိန်က ဗိုလ်မှူးချုပ်/ဖဆပလ ဖြစ်ခဲ့တယ်။ ဒု-ဥက္ကဋ္ဌ ဦးတင်ဦး ဟာလည်း တစ်ချိန်က လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်ကြီး ဖြစ်ခဲ့ပါတယ်။ အနောက်လက်ပါးစေ RFA သတင်းဌာနရဲ့ မလိုတစ်မျိုး လိုတစ်မျိုး ထုတ်လွှင့်နေမှုဟာ အလွန်ပင် ဂုဏ်သိက္ခာမဲ့လှပါတယ်။

ဒါ့အပြင် ၁၁-၂-၂၀၀၇ ရက်ည RFA နဲ့ တွေ့ဆုံမေးမြန်းခန်း တစ်ခုမှာ ဒီ/ငြိမ်း အဖွဲ့ဝင်ဟောင်းတစ်ဦးက အမျိုးသားနိုင်ငံရေးဆိုတာ သူတစ်ဦးတည်းပိုင်ဖြစ်တယ်။ သူသာ အမျိုးသားရေး အစစ်ဖြစ်တယ်။ အမျိုးသားနိုင်ငံရေးအင်အားစု (၇)ဖွဲ့ဆိုတာ အတုသာဖြစ်တယ်လို့ ရူးကြောင်မူးကြောင်ပြောဆိုသံကို ကြားလိုက်ရပြန်ပါတယ်။ အမျိုးသားရေး၊ အမျိုးသားနိုင်ငံရေးဆိုတာ ထိုပုဂ္ဂိုလ်တစ်ဦးတည်း အမွေပိုင်ပစ္စည်း မဟုတ်ဘူး။ အမျိုးသားနိုင်ငံရေးနဲ့ အမျိုးသားရေးကို တစ်ဦးတည်း သူပိုင်တယ်လို့ ပြောနေတာဟာ စိတ်မှ မှန်သေးရဲ့လားလို့ ထင်မိတယ်။

အမျိုးသားရေး၊ အမျိုးသားနိုင်ငံရေးဆိုတာ မြန်မာတစ်မျိုးသားလုံး နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့စဉ်က နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့တဲ့ တစ်မျိုးသားလုံးအရေး၊ တစ်မျိုးသားလုံးအကျိုးဖြစ်တယ်။ ဒီခံယူချက်နဲ့ လွတ်လပ်ရေးကြိုးပမ်းခဲ့တာဖြစ်ပါတယ်။ လွတ်လပ်ရေး ရလာတဲ့အခါလည်း ပါတီစွဲ ပုဂ္ဂိုလ်စွဲ ဝါဒဂိုဏ်းဂဏစွဲ လူမျိုးစွဲကင်းစွာ တစ်မျိုးသားလုံး အကျိုးစီးပွားကိုဆောင်ရွက်တာဟာ အမျိုးသားနိုင်ငံရေး၊ အမျိုးသားရေးဖြစ်ပါတယ်။ အမျိုးသားရေးရဲ့ ရန်သူဟာ ပြည်ပက နယ်ချဲ့ကျူးကျော်မှု၊ ဝင်ရောက်စွက်ဖက်မှု၊ ပြည်ပသြဇာခံပြီး အမျိုးသားရေးအပေါ် သစ္စာဖောက်မှုများဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်မှာ နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဝင်ရောက် ထမ်းဆောင်လာခဲ့ရတဲ့ တပ်မတော်အစိုးရဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားရေး အကျိုးစီးပွားဖြစ်တဲ့ အမျိုးသားနိုင်ငံရေးတာဝန်ကို အစဉ်တစိုက် ကျေပွန်စွာထမ်းဆောင်နေတာဖြစ်တယ်။

ဒါကြောင့် ဒီကနေ့လို ပြည်ပနိုင်ငံကြီးအချို့က ပြည်တွင်းမှာ သြဇာခံတွေ၊ လက်ပါးစေတွေမွေးပြီး ပြည်တွင်းရေးဝင်ရောက်စွက်ဖက် တဲ့အချိန်မှာ အမျိုးသားနိုင်ငံရေး အင်အားစုအသီးသီးက တပ်မတော် အစိုးရနဲ့ လက်တွဲဆောင်ရွက်လာကြတာဖြစ်ပါတယ်။ အနောက်သြဇာခံ လက်ပါးစေဒလန်ဖြစ်တဲ့ အဲဒီပုဂ္ဂိုလ်နဲ့ အမျိုးသားရေးဟာ တခြားစီပါ။ အခုလို အဲဒီပုဂ္ဂိုလ်က သူ့ဟာသူ အမျိုးသားရေးပုဂ္ဂိုလ်လို့ အမည်ပေး အရေခြုံနေတာကို အနောက်သြဇာခံ သတင်းဌာနတွေက ဘယ်လိုပင် ဖုံးကွယ်အမွှမ်းတင်ပေးနေပေမယ့် ဒါဟာ အလောင်းတော် ဆဒ္ဒန်ဆင်မင်း ဇာတ်ထဲက သောနုတ္တိုရ်မုဆိုးရဲ့ အကြံအစည်နဲ့ ရဟန်းဝတ်ရုံကို ခြုံထား သလိုသာ ဖြစ်နေပါတယ်။

အဲဒီပုဂ္ဂိုလ်ဟာ အနောက်သြဇာခံ လက်ပါးစေဘဝနဲ့ ပြည်ပက ပြန်လာပြီးနောက် တပ်မတော်အစိုးရလက်ထက် ပါတီစုံခေတ်မှာ ဒီမို ကရေစီပါတီသို့ ဝင်ရောက်ခဲ့ပါတယ်။ ဒီနောက် ဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့ ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေးအဖွဲ့သို့ ကူးပြောင်းခဲ့ပါတယ်။ ဒီ/ငြိမ်း ဘဝကနေ အရောင်ပြောင်းပြီး အမျိုးသားရေးပုဂ္ဂိုလ်ဆိုပြီး ဖြစ်လာခဲ့ ပြန်ပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ နိုင်ငံရေးပါတီတွေမှာ အရေခြုံဝင်ရောက်ပြီး ပြည်ပသတင်းပေးလုပ်ခဲ့တဲ့အတွက် အရေးယူခံရမှာကြောက်လို့ အနောက် နိုင်ငံ သံရုံးတစ်ရုံးမှာ အမှုထမ်းပြီး ခိုအောင်းခဲ့တယ်။ အခု အဲဒီပုဂ္ဂိုလ် မိသားစုနေထိုင်တဲ့ အိမ်ကအစ အဲ့ဒီသံရုံးရဲ့ အထောက်အပံ့နဲ့ နေလာခဲ့ တာဖြစ်တယ်။ သံရုံးက အလုပ်ထွက်ပြန်တော့လည်း အဲဒီပုဂ္ဂိုလ်ဟာ အခုလို အမျိုးသားရေးအရေခြုံပြီး အနောက်အုပ်စုရဲ့ သြဇာခံ ဒလန် အဖြစ်နဲ့ မသိမသာ ရပ်တည်နေပြန်တယ်။ အနောက်အုပ်စု နိုင်ငံတွေနဲ့ ချိတ်ဆက်လှုပ်ရှားနေမှုတွေရှယ်၊ သူ့သခင် အဲဒီနိုင်ငံတွေကို ထိရင် မချိအောင်နာပြီး ထအော်နေတာတွေရှယ်တို့က သက်သေခံနေပါတယ်။ အဲဒီလို ပြည်ပသြဇာခံ ပုဆိန်ရိုးက အမျိုးသားရေးအစစ်ပါလို့ ကြွေးကြော် နေတာဟာ သူခိုးက လူ လူဟာစ်ဆိုသလို ဖြစ်မနေဘူးလား။

ဒီကနေ့ အဲဒီပုဂ္ဂိုလ်ဟာ အမျိုးသားရေးဆိုတဲ့အမည်ကို တစ်ဦး တည်းပိုင်အဖြစ် အရေခြုံပြီး ပြည်တွင်းက တိုင်းချစ်ပြည်ချစ် အမျိုးသား ရေး အင်အားစုများအပေါ် အတုအယောင်ပါလို့ လိမ်ညာထိုးနှက်နေတာ ဖြစ်တယ်။ ဒါ့အပြင် အဲဒီပုဂ္ဂိုလ်ဟာ တိုင်းချစ်ပြည်ချစ် အမျိုးသား နိုင်ငံရေးအင်အားစု (၇)ဖွဲ့ကို သခင်အလိုကျ တစ်ဖက်သတ် လုပ်မနေ သင့်ဘူးလို့ ဆိုပြီး စော်ကားထားပါတယ်။

အဲဒီပုဂ္ဂိုလ်လို အနောက်သြဇာခံ လက်ပါးစေတွေက သူတို့ အနောက်ဆရာတွေကိုထိရင် မချိအောင် နာသလို တိုင်းချစ်ပြည်ချစ် အမျိုးသားနိုင်ငံရေး အင်အားစုတွေကလည်း နိုင်ငံတော်နဲ့ အမျိုးသားရေး အကျိုးကို ထိခိုက်လာရင် ဘယ်လိုမှခေါင်းငုံ့ခံမယ် မဟုတ်ဘူးဆိုတာကို သိစေချင်ပါတယ်။ အဲဒီပုဂ္ဂိုလ်တို့လို ဒီမိုကရေစီရေး၊ အမျိုးသားရေး အရေခြုံ ပြည်ပအားကိုးပုဆိန်ရိုးတွေဟာ မြန်မာနိုင်ငံမှာ လွတ်လပ်စွာ ပြောဆိုခွင့်မရှိဘူးလို့ အနောက်သခင်ကြီးများအလိုကျ ကြွေးကြော်ပြလေ့ ရှိပါတယ်။ အမှန်ကတော့ အဲဒီပုဂ္ဂိုလ်တို့လို ပုဆိန်ရိုးတွေဟာ အနောက် သြဇာခံ သတင်းဌာနများနဲ့ အလိုတူအလိုပါချိတ်ဆက်ပြီး မြန်မာနိုင်ငံ အပေါ် ပျက်စီးရာပျက်စီးကြောင်း နည်းပေါင်းစုံနဲ့ ထိုးနှက်နေတာဖြစ်ပါ တယ်။ နိုင်ငံတော်အစိုးရကိုရော နိုင်ငံတော်မူဝါဒကိုပါ ထင်သလို ပုတ်ခတ်ပြောဆိုနေတာတွေကို အနောက်သြဇာခံ သတင်းဌာနတွေမှာ စဉ်ဆက်မပြတ် ကြားနေသိနေရပါတယ်။ နိုင်ငံတော်အစိုးရက သဘောထား ကြီးစွာ ခွင့်ပြုထားတာကို အခွင့်ကောင်းယူပြီး နိုင်ငံတော်နဲ့ ပြည်သူ့ အကျိုးကို ဖျက်ဆီးဖို့ လက်ရဲဇက်ရဲ စည်းကျော်လာမယ်ဆိုရင်တော့ အဲဒီပုဂ္ဂိုလ်တွေအပေါ် အမျိုးသားရေးအင်အားစုတွေက လက်ပိုက်ကြည့် နေလိမ့်မယ် မဟုတ်ပါ။ ဒါကြောင့် အနောက်အုပ်စုသြဇာခံ ဒီမိုကရေစီရေး၊ အမျိုးသားရေး အရေခြုံ ပုဆိန်ရိုးများကို သတိထားကြဖို့ ရေးသားတင်ပြ လိုက်ရပါတယ်။ ။

အနောက်သြဇာခံ လက်ပါးစေတွေက သူတို့ အနောက်ဆရာတွေကိုထိရင် မချိအောင် နာသလို တိုင်းချစ်ပြည်ချစ် အမျိုးသားနိုင်ငံရေး အင်အားစုတွေကလည်း နိုင်ငံတော်နဲ့ အမျိုးသားရေးအကျိုးကို ထိခိုက်လာရင် ဘယ်လိုမှခေါင်းငုံ့ခံမယ် မဟုတ်ဘူးဆိုတာကို သိစေချင်ပါတယ်။

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

ဝိပဿနာ ခုနှစ်ရက်တရားစခန်း

တောင်ဥက္ကလာပမြို့နယ်(၁၄/၂) ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း၌ (၂၆)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရား စခန်းကို (ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ) ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီး ဦးကြည်၏ ဥပနိသယအတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ အရှင်သာသန (သာသနဓဇ ဓမ္မာစရိယ) က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ စာရင်းပေးထားသော ယောဂီများ ဧပြီ ၁၁ ရက် ညနေ ၆ နာရီ အရောက် ကြွရောက်ပါရန် နှိုးဆော်ထားသည်။

သတိပဋ္ဌာန်ခုနစ်ရက်တရားစခန်း

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၇ / အနောက် ရပ်ကွက်ရှိ အဘယာရာမကျောင်း အာဒိကာရုံတိုက် ဆရာတော် ဘဒ္ဒန္တ သောဘဏ(ဓမ္မာစရိယ၊ စာသင် စာချ) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၏ နဝမအကြိမ်မြောက် အသိဉာဏ် အလုပ်ပေး သတိပဋ္ဌာန် ခုနစ်ရက်တရားစခန်း ဖွင့်ပွဲကို ဧပြီ ၄ ရက်တွင်ကျင်းပမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူများ လူဦးရေ ကန့်သတ်ထားပါသဖြင့် မတ် ၂၂ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။

ပြည်နယ်နှင့်မြို့နယ် သံဃနာယကအဖွဲ့များ ရွေးချယ်

ရှမ်းပြည်နယ် သံဃနာယကအဖွဲ့နှင့်တောင်ကြီးမြို့နယ် သံဃနာယကအဖွဲ့ အစားထိုးရွေးချယ်ပွဲအခမ်းအနားများကို ဖေဖော်ဝါရီ ၁၅ရက်က တောင်ကြီးမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ကျင်းပရာ ပြည်နယ်နှင့်မြို့နယ် သံဃနာယကအဖွဲ့ ၂၅ ရာခိုင်နှုန်း အစားထိုးရွေးချယ် တင်မြှောက်ခဲ့ကြောင်း သိရသည်။

မိုင်းရှူး၌ ကတ္တရာလမ်းသစ်ဖွင့်

မိုင်းရှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ဦးအောင်မြတ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်က လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးအောင်ကျော်သိုက်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုနိုင်ရေး စခန်းဖွင့်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရှမ်းပြည်နယ်(မြောက်ပိုင်း)ဇုန်က ကြီးမှူး၍ ကျေးလက်နေပြည်သူများ ပညာဗဟုသုတတိုးပွားရရှိစေရန်နှင့် အပန်းဖြေကြည့်ရှုနိုင်စေရန်အတွက် ကျေးရွာများတွင် မြန်မာ့ရုပ်မြင်သံကြား ကြည့်ရှုရေးစခန်းများကို ဇုန်နယ်ခွဲအလိုက် စီမံချက်ရေးဆွဲ စည်းရုံးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လားရှိုးခရိုင် သိန်းနီမြို့နယ် ရေပူကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုနိုင်ရေး စခန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်က အဆိုပါကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံ ဦးဝင်းလှိုင်၊ ရေပူကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအိုက်ပီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စာအုပ်စာစောင်များ လှူဒါန်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ချင်းပြည်နယ် ဖလမ်းခရိုင် ဝန်ထမ်းများသည် ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာအုပ်၊ စာစောင်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ဖလမ်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီးက စာအုပ်စာစောင် ၁၇၄ အုပ်၊ တန်ဖိုးငွေကျပ် ၁၄၀၀၀ ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ကျေးလက်ပြည်သူများ တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသပေး

မုံရွာခရိုင် တိုင်းရင်းဆေးကုဌာန ချောင်းဦးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် အခမဲ့ဆေးဝါးကုသခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က ကုလားကြီးကျေးရွာ ကံကြီးကျောင်းတိုက်၌ ကျင်းပရာ မုံရွာခရိုင် တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူး ဦးအောင်စိုးက မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပညာပေးဟောပြောပြီး တက်ရောက်လာကြသည့် ပြည်သူ ၁၈၂ ဦးအား တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးဝါးများ ကုသပေးသည်။

မှိုခင်းကျဆင်းရေး ပညာပေးဟောပြော

ကောလင်းမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကြီးမှူး၍ မှုခင်းကျဆင်းရေးပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ကြူတောကျေးရွာအခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က မှုခင်းထွေလာ သိမှတ်စရာကိုလည်းကောင်း၊ ကျော်ဇေယျာရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူး စက်အောင်က ကျေးလက် မီးဘေးအန္တရာယ် ကာကွယ်ရေးကို လည်းကောင်း၊ စခန်းမှူး ရဲအုပ် ကိုကိုက မှုခင်းကျဆင်းရေးနှင့် ပြည်သူ့တာဝန်ကို လည်းကောင်း ဟောပြောကြသည်။

မီးဘေးကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

မကွေးတိုင်း ရေစကြိုမြို့ မြို့နယ်စည်ပင်ဈေးကြီး မြို့မဈေးအမှတ် ၁နှင့် အမှတ် ၂အတွင်း ရောင်းချနေကြသော ဆိုင်ခန်းများအား ဖေဖော်ဝါရီ ၂၁ ရက်က မြို့မဈေးကြီးတာဝန်ခံ ဦးတင်ဝင်းနှင့် ဈေးဝန်ထမ်းများ၊ မီးသတ်နှင့်ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးပြီး လောင်စာဆီများ၊ မီးလောင်လွယ်စေသော ရောင်းကုန်ပစ္စည်းများ မရောင်းချကြရန်နှင့် မီးသုံးစွဲသော စားသောက်ဆိုင်များအား စနစ်တကျ သုံးစွဲကြရေးနှင့် မီးသတ်ဆေးဘူးများ၊ ရေပုံးများထားရှိရေး မှာကြားကြောင်း သိရသည်။

စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်၊ သက်ကြီးပူဇော်

မြင့်မြတ်ရတနာ ပညာတံခွန် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲနှင့်သက်ကြီးပူဇော်ပွဲ အခမ်းအနားကိုဖေဖော်ဝါရီ ၁၀ ရက်က စစ်ကိုင်းမြို့ ပယ်ငါးဆယ်ကျေးရွာတွင် ကျင်းပသည်။ အခမ်းအနားတွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မောင်အုန်း၊ စာကြည့်တိုက် အလှူရှင် ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်မဲ တူတို့က စာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး သက်ကြီးအဘိုး၊အဘွား ၄၉ ဦးတို့အား ပူဇော်ကန်တော့ကြသည်။

ဈေးတွင်းဈေးပြင်သန့်ရှင်းရေး ပညာပေးဟောပြော

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း၊ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်နီလာနှင့် အဖွဲ့ ဖေဖော်ဝါရီ ၂၇ရက်က ကျောက်တံခါးမြို့မဈေးသို့ သွားရောက်၍ ဈေးကော်မတီဝင်များ၊ ဈေးသည်များ၊ သန့်ရှင်းရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဈေးတွင်းဈေးပြင် သန့်ရှင်းရေး၊ သရေစာနှင့် သားငါးများ ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချရေး ပညာပေးဟောပြောကြောင်း သိရသည်။

ပင်လောင်းစည်ပင် မြို့သာယာလှပရေး ဆောင်ရွက်

ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့သာယာလှပရေးအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၉ ရက်က အဖွဲ့ရုံး ရှေ့မျက်နှာစာတွင် တာဝန်ခံအင်ဂျင်နီယာ ဦးကိုကိုနိုင် ဦးဆောင်သော ဝန်ထမ်းများက မြေယာရှုခင်းအလှ ဆောင်ရွက်ကြကြောင်း သိရသည်။

❒ *ကျောဖုံးမှ*

ထို့ကြောင့် ပြည်သူများအနေဖြင့် မိမိပတ်ဝန်းကျင်ရှိ ခို၊ ကျီးကန်း၊ စာကလေး အစရှိသည့် ငှက်များနှင့်ကြက်များ သေဆုံးမှုကို အထူးဂရုစိုက်ကြစေလိုကြောင်းနှင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဌာနဆိုင်ရာများနှင့် ပြည်သူများက ကျန်းမာရေးသတိရှိစွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်က လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းနှင့်ပတ်သက်၍လည်းကောင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဌာနဆိုင်ရာများ၊ အစိုးရ မဟုတ်သော အသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်းကောင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် ရန်ကုန်တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာစိုးဝင်းက ရန်ကုန်တိုင်းအတွင်းရှိမြို့နယ်အချို့၌ ကြက်ငှက်သေဆုံးမှုဖြစ်စဉ်များနှင့် အရေးယူဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ လူတွင်ကူးစက်မှု မဖြစ်ပွားစေရေးအတွက် မွေးမြူရေးခြံလုပ်သားများ၊ မိသားစုဝင်များ၊ မွေးမြူရေးနှင့်ကုသရေးဝန်ထမ်းများနှင့် ပတ်ဝန်းကျင်တွင် နေထိုင်ကြသူများအား မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကျန်းမာရေးဝန်ထမ်းများအား ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့် နည်းဗျူဟာများကို လေ့ကျင့်သင်ကြားပြီးစီးမှု အခြေအနေနှင့် ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက လိုအပ်သည်များညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေးမြတ်သန္တာမဟာစည်ရိပ်သာ၌ ဧပြီ ၁၀ ရက်မှ ၁၇ ရက်အထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန်ဝိပဿနာ တရားများကို အခြေခံမှစ၍ သိရှိနားလည်စေရန် ရွှေပြည်သာ သာသနံဒီပံ ဆရာတော်အရှင် သိရိန္ဒ (ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ)က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း- ၇၀၇၄၈၇၊ ၀၉-၅၁၇၆၅၇၃၊ ၀၉-၅၁၇၆၅၇၅ တို့သို့ ဆက်သွယ်၍ စာရင်းပေးနိုင်ကြောင်း သိရသည်။

(က-ပ)

စက်ခလုတ်နှိပ် ဖွင့်လှစ်

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် (မြစ်ကြီးနား) မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

စက်မှု(၁)အထူးဈေးရောင်းပွဲတော်(မြစ်ကြီးနား)ဖွင့်လှစ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်အားပေး

နေပြည်တော် မတ် ၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် (မြစ်ကြီးနား) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာ အားကစားကွင်း၌ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိ ကြီးများ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိ မြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

အစီအစဉ်အရ ရှေးဦးစွာ ပြည်နယ်အတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဈေးရောင်းပွဲတော် မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်ဧည့်သည်တော်များသည် ဈေးရောင်းပွဲတော်အတွင်း အမှတ်(၁)စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ပြခန်းနှင့်အရောင်းဆိုင်များ၊ ပြည်နယ် ယဉ်ကျေးမှုဦးစီးဌာနက ဖွင့်လှစ်ပြသရောင်းချလျက်ရှိသည့် တိုင်းရင်းသားရိုးရာအဝတ်အထည်အရောင်းဆိုင်နှင့် အလှဆင်ပန်းပျိုးပင် မျိုးစေ့အရောင်းဆိုင်ပြခန်းများ၊ စက်မှုလယ်ယာဦးစီးဌာနကထုတ်လုပ်သည့် လယ်ယာသုံး စက်ကိရိယာနှင့် ကြက်ဆူဆီကြိတ်စက် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အထူးဈေးရောင်းပွဲတော်ကို မတ် ၈ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကြက်ငှက်တုပ်ကွေးရောဂါ ကျွမ်းကျင်ပညာရှင်များ ကွင်းဆင်းဆောင်ရွက်မှု

ရန်ကုန် မတ် ၇

ဒေသဆိုင်ရာ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ဒေသတွင်းကြက်တုပ်ကွေးညှိနှိုင်းရေးမှူး Dr. Wantanee Kalpravidh၊ ကြက်တုပ်ကွေး ဇီဝလုံခြုံရေးကျွမ်းကျင်ပညာရှင် Dr. Larry Allen နှင့် USAID မှ ကြက်တုပ်ကွေး ဓာတ်ခွဲခန်း ကျွမ်းကျင်သူ Dr.Sudarad Damrongwatanapokin တို့သည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးကု ဆရာဝန်များနှင့်အတူ ယနေ့ မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ်ရှိခဲ့သည့် ကြက်ခြံနှစ်ခြံသို့ ကွင်းဆင်းကြည့်ရှုပြီး ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မွေး/ရေ)**

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကြက်၊ငှက်တုပ်ကွေးရောဂါ ကျွမ်းကျင်ပညာရှင်များ ကြက်၊ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ်ရှိခဲ့သည့် ကြက်ခြံတွင် ကွင်းဆင်းကြည့်ရှုကြစဉ်။ (မွေး/ရေ)

ကျောက်တန်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး မတ် ၃၁ ရက်၌ ပြောင်းလဲကျင်းပမည်

ရန်ကုန် မတ် ၇

ကျောက်တန်းမြို့နယ်အသင်း၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် လက်ဝဲမင်း ဒင်လမ်းရှိ အသင်းဓမ္မာရုံ၌ မတ် ၃၁ ရက်နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ် ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရ အသင်းဝင်သားသမီးများ၊ ကျောက်တန်းမြို့နယ် ကျောင်းပေါင်းစုံမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရကျောင်းသားများသည် မတ် ၂၅ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဒေါက်တာဦးစိုးတင် ဖုန်း-၆၀၀၁၅၄၊ အတွင်းရေးမှူးဦးစိုးမြင့် ဖုန်း-၂၉၈၃၄၉ နှင့် ဦးချစ်ဆွေ ဖုန်း-၀၅၆-၂၅၂၇၆ တို့သို့ အထောက်အထားဖြင့် စာရင်းပေးပို့ ဆက်သွယ်ကြရန်နှင့် မြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

မြန်မာနိုင်ငံ ရန်ကုန်တိုင်းအတွင်း ကြက်ငှက်သေဆုံးမှု စစ်ဆေးချက်သတင်း

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်း မြို့နယ်များအတွင်း ၇-၃-၂၀၀၇ ရက် ကြက်ငှက်သေဆုံးမှု ဖြစ်စဉ်များနှင့် အရေးယူဆောင်ရွက်မှုများ-

(က) **ငှက်မြေကျသေဆုံးမှု။** ၇-၃-၂၀၀၇ ရက်တွင် ကမာရွတ်၊ စမ်းချောင်း၊ ပန်းဘဲတန်း၊ ရန်ကင်း၊ ဗဟန်း၊ မင်္ဂလာတောင်ညွန့်၊ မရမ်းကုန်း၊ အင်းစိန်၊ လှိုင်၊ ကြည့်မြင်တိုင်၊ တောင်ဥက္ကလာပ၊ အလုံ၊ လှိုင်သာယာ၊ ဆိပ်ကြီးခနောင်တို၊ မင်္ဂလာဒုံ ၁၅မြို့နယ်အတွင်း ကျီးကန်း(၁၈)ကောင်၊ ခို (၁၁)ကောင်၊ ပျံလွှား(၁)ကောင် မြေကျသေဆုံးခဲ့ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါပိုးမတွေ့ရှိရပါ။

(ခ) **ကြက်၊ဘဲသေဆုံးမှု။** အလုံမြို့နယ်အတွင်း တိုင်းရင်းကြက် (၁)ကောင် သေဆုံးခဲ့ပါသည်။ လက်ခံရရှိချိန်တွင် ဝမ်းတွင်းကလီစာများ ပုပ်ပွပျက်စီးနေသဖြင့် ရောဂါရှာဖွေ၍ ရရှိခြင်းမရှိပါ။

(ဂ) **တိရစ္ဆာန် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း စစ်ဆေးချက်။** ကြက်ငှက် တုပ်ကွေးရောဂါပိုး မတွေ့ရှိရပါကြောင်း။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ရန်ကုန်တိုင်း ကြက်ငှက်တုပ်ကွေးထိန်းချုပ်ရေး၌အသုံးပြုရန် ရောဂါကာကွယ်မှုဆိုင်ရာဝတ်စုံနှင့် ပိုးသတ်ဆေးဖျန်းကိရိယာများ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ CARE-Myanmar မှ ပေးအပ်

ရန်ကုန် မတ် ၇

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် CARE-Myanmar မှ Country Director Mr.Peter Newsun က မြန်မာကျပ်ငွေ ၃၆ သိန်းတန်ဖိုးရှိသော ပိုးသတ်ဆေး ဘူး ၁၀၀၊ ဆေးဖျန်းပုံး ၅၀၊ ကာကွယ်ဝတ်စုံများ၊ လက်အိတ်များ၊ ဖိနပ်များနှင့် မျက်မှန်များပါဝင်သော ဝတ်စုံ ၁၁၂ ခုအား ယနေ့တွင် ရန်ကုန်တိုင်း ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ၌ အသုံးပြုရန်အတွက် ပံ့ပိုးကူညီခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထင်ရှားကျော်ကြား တောင်ကိုရီးယားသရုပ်ဆောင်များ

တောင်ကိုရီယား ရုပ်ရှင်သရုပ်ဆောင် ရှင်ဒေါင်ဟန့် ဂျပန်နိုင်ငံ တိုကျိုမြို့၌ တေးဂီတဖျော်ဖြေပွဲပြုလုပ်ခဲ့

တိုကျို မတ် ၇

တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင် ဘေယောင်ဂျွန်(ရှင်ဒေါင်ဟန့်) သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ မတ် ၃ ရက်က တေးဂီတဖျော်ဖြေပွဲတစ်ခု ပြုလုပ်ခဲ့သည်။

ဖျော်ဖြေ

ရှင်ဒေါင်ဟန့်သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၅ ရက်က ဖြန့်ချိခဲ့သော တေးဂီတအယ်လ်ဘမ်ကို ဂျပန်နိုင်ငံတွင် လူကြိုက်များရေးအတွက် ယခုကဲ့သို့ ဂီတဖျော်ဖြေပွဲတစ်ခုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကိုယ်တိုင်သီဆိုဖျော်ဖြေခဲ့ခြင်းဖြစ်သည်။ ရှင်ဒေါင်ဟန့်အနေဖြင့် ဂီတဖျော်ဖြေပွဲပြုလုပ်ခြင်းမှာလည်း တောင်ကိုရီးယားနှင့် ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးရေး တိုးမြှင့်စေရန်အတွက်လည်း ပါဝင်သည်။

ထောက်ပံ့လှူဒါန်းမည်

ထိုတေးဂီတဖျော်ဖြေပွဲမှနေ၍ ရရှိသော ငွေကြေးများကို ဆင်းရဲနွမ်းပါးသူများအား ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)

တိုကျိုတွင် ဂီတဖျော်ဖြေပွဲ ကျင်းပခဲ့သည့် ရှင်ဒေါင်ဟန့်။

ရိန်းနှင့် ဆောင်းဟေကိုတို့ တရုတ်နိုင်ငံသို့ခရီးထွက်မည်

ပေကျင်း မတ် ၇

တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော်ရိန်းနှင့် သရုပ်ဆောင် ဆောင်းဟေကိုတို့နှစ်ဦးသည် ၎င်းတို့ပါဝင် သရုပ်ဆောင်ထားသော ဒရမ်မာရုပ်ရှင် ဇာတ်လမ်းတွဲ Full House အား ပရိသတ်စိတ်ဝင်စားမှု ပိုမိုရရှိစေရေးအတွက် တရုတ်နိုင်ငံ ဟူနန်မြို့သို့ သုံးရက်ကြာ ခရီးထွက်မည်ဖြစ်သည်။

ပြသခဲ့

အဆိုပါရုပ်ရှင်ဇာတ်လမ်းတွဲအား ကေဘီအက်စ် 2 TV မှ လွန်ခဲ့သော နှစ်အနည်းငယ်က တောင်ကိုရီးယားနိုင်ငံတွင် ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် တရုတ်နိုင်ငံ၌ သုံးရက်ကြာနေထိုင်စဉ် ကာလအတွင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်နှင့် ၎င်းတို့၏ပရိသတ်နှင့် တွေ့ဆုံပွဲတစ်ရပ်လည်း ပြုလုပ်ကြမည် ဖြစ်သည်။

ရိန်းနှင့် ဆောင်းဟေကိုတို့ **(ဝဲပုံ)** နှစ်ဦး ယခုကဲ့သို့ တရုတ်နိုင်ငံသို့ လာရောက်ခြင်းမှာ တရုတ်နိုင်ငံမှ ပရိသတ်များ၏ တောင်းဆိုမှုကြောင့်ဖြစ်ကြောင်း ဆောင်းဟေကို၏ မန်နေဂျာ နာဘန်ဂျင်က ပြောကြားသည်။

အဆိုပါ Full House ရုပ်ရှင်ဇာတ်လမ်းတွဲအား ထိုင်း၊ ဖိလစ်ပိုင်နိုင်ငံတို့ အပါအဝင် ၁၄ နိုင်ငံသို့ ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ **(ကိုးကား-အင်တာနက်)**

ဆီးနှင့်ကျောက်ကပ် အထူးဆေးကုပညာအဖွဲ့ ဆေးပညာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆီးနှင့်ကျောက်ကပ် အထူးဆေးကုပညာအဖွဲ့ကကြီးမှူး၍ ကမ္ဘာ့ကျောက်ကပ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဆေးပညာဟောပြောပွဲကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း၌ မတ် ၁၀ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၃-၂၀၀၇

(ကြာသပတေးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ ဆုံးမစကားကို လေးစားပါ တရားတော် (ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ ဆရာတော်)
- ၇:၅၀ ICT CARAVAN (2007) (ကျိုက်ထိုခရီးစဉ်)
- ၈:၀၅ တေးဂီတအစီအစဉ်
- ၈:၁၀ ပြည်တွင်းအနုပညာရေးရာ
- ၈:၄၀ တေးဂီတအစီအစဉ်
- ၈:၄၅ ပွင့်သောပန်းတိုင်းမွှေးစေချင်
- ၈:၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၀၅ Yangon Panorama (လမင်းလေးတေးစီးရီး)
- ၉:၁၅ တေးဂီတအစီအစဉ်
- ၉:၂၀ အနာဂတ်ပန်းများ ပွင့်လန်းဝေဆာ မြင်သာမြို့ဦး ပရဟိတဂေဟာ (အပိုင်း-၂)
- ၉:၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၄၀ အမျိုးသမီး ရုပ်သေးကြိုးဆွဲပညာရှင်နှင့် တွေ့ဆုံခြင်း
- ၁၀:၁၀ တေးဂီတအစီအစဉ်
- ၁၀:၁၅ သွားမယ် စားမယ် (House of Memories)
- ၁၀:၄၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၄၅ နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
- ၁၁:၀၅ တေးဂီတအစီအစဉ်
- ၁၁:၁၀ အောင်မြင်ပျော်ရွှင်ဇနီးမောင်နှံဘဝတွင် (ဦးမြင့်အောင်-မစိုးမိုးကြည်တို့နှင့် တွေ့ဆုံခြင်း)
- ၁၁:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၄၅ ပိန်ခြင်းဝခြင်း ပြဿနာနှင့် အပျိုစင်တို့ရဲ့ အသားအရေလှပခြင်း
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ စာပေပညာရှင်များနှင့်တွေ့ဆုံခြင်း (ဒေါ်စောမုံညင်း)
- ၁၂:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၂၀ ယနေ့သိပ္ပံနှင့် နည်းပညာ
- ၁၂:၃၅ တေးဂီတအစီအစဉ်
- ၁၂:၄၀ ပျိုမေတို့လှစေဖို့(အပိုင်း-၁)
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ် မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ ယှဉ်ပြိုင် ချယ်လ်ဆီးနှင့် ရိုးမားတို့ ကွာတားဖိုင်နယ် တက်ရောက်

လန်ဒန် မတ် ၇

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များကို မတ် ၆ ရက်က ယှဉ်ပြိုင်ကစားရာ လီဗာပူးနှင့် ဘာစီလိုနာတို့ပွဲတွင် လီဗာပူးက တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးပြီး ချယ်လ်ဆီးနှင့် ပေါ်တိုတို့ပွဲတွင် ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သလို လိုင်ယွန်နှင့် ရိုးမားတို့ပွဲတွင် ရိုးမားက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗလင်စီယာနှင့် အင်တာမီလန်တို့ပွဲတွင် ဂိုးမရှိ သရေပွဲ ဖြစ်ခဲ့သည်။



ထိုးဖောက်

ချယ်လ်ဆီးနှင့် ပေါ်တိုတို့ပွဲတွင် ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကို (အပေါ်) **ဤသို့ ထိုးဖောက် ကစားခဲ့သည်။**

(ဓာတ်ပုံ- အင်တာနက်)

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

ချယ်လ်ဆီးနှင့်ပေါ်တို

ချယ်လ်ဆီးတို့ အိမ်ကွင်းချေပဂိုးနှင့် အနိုင်ဂိုးများ နောက်မှလိုက်သွင်းခဲ့၍သာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဧည့်သည်ပေါ်တိုအသင်းက ပွဲချိန် ၁၅ မိနစ်မှာပင် ကွင်းလယ်ကစားသမား ရီကာဒိုက အဖွင့်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအတွက် ချေပဂိုးကို တောင်ပံတိုက်စစ်မှူး ရော်ဘင်က ၄၈ မိနစ်တွင် သွင်းယူပေးခဲ့ပြီး မိုက်ကယ်ဘောလက်က ၇၉ မိနစ်၌ အနိုင်ဂိုးသွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးသည် ပထမအကျော့၌ ပေါ်တိုနှင့် တစ်ဂိုးစီ သရေကျခဲ့သဖြင့် ယခုနှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ နှစ်ပွဲပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။



လီဗာပူးနှင့် ဘာစီလိုနာတို့ပွဲစဉ်တွင် လီဗာပူးကွင်းလယ်ကစားသမား ဂျရတ် (ဝဲ) **ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

လီဗာပူးနှင့်ဘာစီလိုနာ

နှစ်သင်းစလုံးအနိုင်ရရှိရေး ကြိုးစားအားထုတ်ကစားသွားသော်လည်း ဘာစီလိုနာတို့က ပိုမိုထိုးဖောက်ကစားနိုင်ခဲ့ပြီး ကစားကွက်အသာစီးရရှိခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၇၅ မိနစ်ရောက်မှသာ ဘာစီလိုနာတိုက်စစ်မှူး ဂုဒ်ဂျွန်ဆင်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီး ယင်းတစ်ဂိုးနှင့်ပင် ဘာစီလိုနာတို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ လီဗာပူးနှင့် ဘာစီလိုနာတို့ နှစ်ပွဲပေါင်း နှစ်ဂိုးစီဖြစ်နေသော်လည်း အဝေးဂိုးအရ လီဗာပူးတို့ ကွာတားတက်သွားသည်။

လိုင်ယွန်နှင့်ရိုးမား

အဝေးကွင်းဖြစ်သော်လည်း ရိုးမားတို့ ခြေစွမ်းပြအနိုင်ယူနိုင်ခဲ့သည်။ ရိုးမားအသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၂ မိနစ်၌ တော့တီက တစ်ဂိုး၊ ပွဲချိန် ၄၄ မိနစ်၌ မင်စီနီက တစ်ဂိုးသွင်းယူခဲ့သဖြင့် ရိုးမားတို့ နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ရိုးမားသည် နှစ်ပွဲပေါင်း နှစ်ဂိုးပြတ်ဖြင့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ဗလင်စီယာနှင့်အင်တာမီလန်

ဗလင်စီယာတို့ အိမ်ကွင်း၌ အင်တာမီလန်ကို အနိုင်မကစားနိုင်ခဲ့ချေ။ ဗလင်စီယာတိုက်စစ်မှူး ဒေးဗစ်ဗီလာ၊ အင်ရှုလိုနှင့် မိုရီရန်တေးတို့က အချိတ်အဆက်မိမိ ထိုးဖောက်ကစားနိုင်သော်လည်း အပိုင်ဂိုးသွင်းခွင့် သုံးကြိမ်သာ ရရှိခဲ့သည်။

သို့သော် ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့၍ ဂိုးမရှိ သရေပွဲ ဖြစ်ခဲ့ရခြင်းဖြစ်သည်။ သို့သော်လည်း ဗလင်စီယာတို့ အဝေးကွင်း နှစ်ဂိုးသွင်း နိုင်ခဲ့၍ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ။

(အင်တာနက်)

Golden Hope

KMD (ထိပ်ကမ်းသာ)
i-Office : Graphics Design : Desktop Publishing : Email & Web Design : Practical A+ : Accpac Plus
AutoCAD : Programming (C, C++, Java, VB.net, ASP, MS Access, Excel) : LCCI Computerised Accounting

အထက(၁)ကော့သောင်း
ပထမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ကော့သောင်းမြို့နယ် အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဧပြီလ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကော့သောင်းမြို့ အထက(၁) မြရတနာခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (ကျောင်းစဖွင့်သည်မှ ၁၉၉၅ခုနှစ်အထိ) ပူဇော်ခံမည့် ဆရာဆရာမများ၊ အငြိမ်းစား ဆရာ ဆရာမများနှင့်ကျောင်းသူကျောင်းသားဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားထားပါသည်။

အလှူငွေထည့်ဝင်လိုပါက–

(၁) ဦးဘိုဘိုအောင် ဖုန်း–၀၅၉–၅၁၂၂၅၊ အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့၊
(၂) ဦးဝင်းကိုကို ဖုန်း–၀၅၉–၅၁၄၁၄၊ ရွှေဟသ်ာရပ်ကွက်၊ ကော့သောင်းမြို့၊
(၃) ဦးအုန်းမြင့် ဖုန်း–၀၅၉–၄၂၂၃၆၊ ၀၅၉–၄၂၂၃၇၊ ထူးထူးတိုးကုမ္ပဏီ၊မြိတ်မြို့၊
(၄) ဦးမောင်မောင်သောင်း–ဒေါ်ခင်အေးမြင့် ဖုန်း–၀၁–၇၂၃၄၆၀၊၀၉–၅၀–၁၁၅၇၅ ၁၀မိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊
(၅) ဒေါ်ကြူကြူအေး အမှတ် ၈၃၊ (မြေညီ) ၈လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်၊ ဖုန်း–၀၁–၂၂၃၁၁၈၊ ၀၉–၅၁–၀၄၁၁၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက် (ရုံးချုပ်-ရန်ကုန်မြို့)
ချိပ်ပိတ်တင်ဒါများခေါ်ယူခြင်း

၁။ သစ်တောဖက်စပ်စီးပွားရေးဗဟိုဌာန ကုမ္ပဏီလီမိတက် အဆောက်အအုံ၏ ပြင်ပနံရံ ဆေးသုတ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လိုပါသဖြင့် ချိပ်ပိတ်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ တင်ဒါပေးသွင်းမှုကို ၂၀–၃–၂၀၀၇ရက်နေ့ ၁၅:၀၀နာရီ ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို (စီမံရေးရာဌာန)သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်(ရုံးချုပ်)တွင် ၁၂–၃–၂၀၀၇ရက်နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

အဆောက်အအုံဆေးသုတ်ရေးလုပ်ငန်းအဖွဲ့
အမှတ် (၄၂၂–၄၂၆)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ်–၂၀၂၀၅၈၊ ၂၀၂၁၀၁၊ လိုင်းခွဲ(၁၅၂)

သုရှိ

ခွေးတိုးစည်

ဆိုင်းဝိုင်းနှင့် အီလက်ထရို အရောအနှော
TAPE,CD,VCD,

Golden Star

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးရဲဝင်း၏ နိုင်ငံကူးလက်မှတ် အမှတ်–၃၉၅၅၂၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် ဖုန်း–၆၆၂၆၄၀။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ခြံအမှတ်(၂၆)၊ နတ်မောက်ရိပ်သာလမ်းသွယ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးတင်ညွန့်–ဒေါ်နုနုဝေတို့၏သား မောင်ဘုန်းသက်နိုင် ၁၂/ဗဟန(နိုင်)၀၁၇၂၃၁သည် မိဘများ၏ခွင့်ပြုချက်မရရှိဘဲ နေအိမ်မှ ရွှေ၊ငွေ၊ရတနာပစ္စည်းများကိုယူဆောင်သွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

ဦးတင်ညွန့် [၁၂/ဗဟန(နိုင်)၀၃၂၆၃၉]။

ယနေ့ မီးဘေးကြိုတင် ကာကွယ်ရေးသည်
မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဆီဆုံလမ်း စမ်းချောင်းတောင် ရပ်ကွက် အမှတ်၂၇နေ မိခင်ကြီး ဒေါ်သန်းအေးနှင့် သားသမီးများ၊ဒေါက်တာဦးတင့်ထူး–ဒေါက်တာနွဲ့နွဲ့သိန်း၊ ဦးသန်းနိုင်–ဒေါ်ခင်မူမူ၊ ဦးကျော်စိုးခိုင် – ဒေါက်တာသန်းသန်းလွင်၊ ဦးမောင်မောင်လေးနှင့်မြေးများမိသားစုတို့က ကြေးပိဋကတ်တော် ၂၅ချပ်၊ အလှူငွေ ကျပ်ငါးသိန်းကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

ဟိုပန်မြို့ ၃၁ ဘုံ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး
ဗုဒ္ဓပူဇနီယပွဲတော်နှင့် စုပေါင်းရှင်ပြုအလှူတော်ကျင်းပ

ရန်ကုန် မတ် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့နယ် ၃၁ဘုံ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး မဟာအတုလမောရမုန်ကူ သယဗ္ဗျူ၏ (၁၉) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပူဇော်ပွဲ၊ စုပေါင်းရှင်လောင်း ၅၅ ပါး ရှင်ပြုပွဲနှင့် အကြိမ်(၂၀)မြောက် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်း လပြည့်နေ့အထိ ငါးရက်တိုင်တိုင် စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

ရည်ရွယ်

တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်စည်ပင်ပြန့်ပွားရန် အဓိကရည်ရွယ်၍ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာပြု မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီဟဗလ(မြို့နယ်သံဃနာယကဥက္ကဋ္ဌ) ဆရာတော်ကကြီးမှူး ကျင်းပခြင်းဖြစ်ပြီး ကုန်းကြမ်း၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ ပန်လုံ၊ ပန်ကောက်နှင့်ဟိုပန်မြို့ပေါ်ရှိဗုဒ္ဓဘာသာကျောင်းများ၊ မြသိန်းတန် ပရိယတ္တိစာသင်တိုက်မှ စာသင်သံဃာတော်များ အပါအဝင်ပင့်သံဃာ၇၅ပါးပါဝင်သည်။

ရေစက်ချ

ပွဲတော်ရက်အတွင်း စည်ကားသိုက်မြိုက်စေရန် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များညှိနှိုင်း၍ သီပေါမြို့နယ်သျှမ်းချယ်ရီ ရှမ်းဇာတ်အဖွဲ့ဖြင့် ညစဉ်တင်ဆက်ကပြပေးပြီး တပေါင်းလပြည့်နေ့(မတ်၂ရက်) ညနေ ၃ နာရီတွင် လှူဒါန်းမှု အစုစုအတွက် ရေစက်ချအမျှဝေကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပညာချွန်ဆုချီးမြှင့်

မော်ဘီမြို့နယ် သဲဖြူကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူက ပဥ္စမတန်းပထမဆုရ မစုသဥ္စာဖြိုးအား ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ပန်လော့ကျေးရွာနေပြည်သူများ
ကိုယ့်အားကိုယ်ကိုး ရုပ်/သံကြည့်ရှု

ရန်ကုန် မတ် ၇

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်မဲမြို့နယ် ပန်လော့ကျေးရွာ၌ ဖေဖော်ဝါရီ ၈ရက်က ကျေးရွာကိုယ့်အားကိုယ်ကိုး ရုပ်မြင်သံကြားကြည့်ရှုရေးစခန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၊ စက်ရုံတာဝန်ခံ ဦးဆန်းမြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျောင်းခမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါစခန်း ဖြစ်မြောက်ရေးအတွက် ကျေးရွာနေ အလှူရှင်များက ငွေကျပ်သုံးသိန်းငါးသောင်း လှူဒါန်းထည့်ဝင်ကြပြီး စက်ပစ္စည်းများအား ကျောက်မဲ ရုပ်/သံ ဝန်ထမ်းများက ကူညီ တပ်ဆင်ပေးခဲ့ကြသဖြင့် ကျေးရွာနေ အိမ်ခြေ ၁၄၂ အိမ်မှ ပြည်သူများကအားရဝမ်းသာကြည့်ရှုသည်။

(ခရိုင် ပြန်/ဆက်)

မတ် ၆ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်ရဲတပ်ဖွဲ့၏ စံပြရဲရွေးချယ်ရေး၊ ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမတွင်ကျင်းပရာ အရာရှိ ၁၁ဦးနှင့် အခြားအဆင့် ၅၀ ဝင်ရောက်ဖြေဆိုရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဉာဏ်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်ရဲတပ်ဖွဲ့)

အဘိုး၊ အဘွားများအား ထောက်ပံ့ငွေနှင့် ကန်တော့ပစ္စည်းများလှူဒါန်း စကားဝိုင်းဆွေးနွေးချက်များအပေါ် လိုအပ်မှုများပြန်လည်အကြံပြု



တောင်ကြီး ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လေးမြင့်၊ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသော၊ ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်နှင့်အဖွဲ့ဝင်များ စကားဝိုင်းဆွေးနွေးပွဲ၊ သက်ကြီးဘိုးဘွားများအား ကန်တော့ပစ္စည်း ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အဆောက် အအုံသစ်တွင် ကျင်းပသည်။

အခမ်းအနားတွင် ဒေသခံသက်ကြီး ဘိုးဘွားများကို ကန်တော့ကြပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လေးမြင့်၊ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသောနှင့် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်တို့က အဘိုး၊ အဘွားများအား ထောက်ပံ့ငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် စကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လေးမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်အဖွဲ့ဝင်များ၏ ဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို ပြန်လည်ဆွေးနွေး အကြံပြုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ပြည်နယ်အမျိုးသမီးရေးရာ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာတွင်ဆောက်လုပ်နေဆဲ ဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာ ရဟန်းတော်များ၏ အဖွဲ့ ပိုင်သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး) အတွက် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၉၁/၁၀၅ ဒီ ၂ တတိယထပ်နေ ကျောင်းအလှူရှင် ဦးထွန်းစံကျော်၊ ဆရာမ ဒေါ်စမ်းနွဲ့ အထက(၁)ဒဂုံ၊ သားသမီး၊ မြေးများက ငွေကျပ် တစ်သိန်းကို အကျိုးတော်ဆောင်ဆရာတော် အထွေထွေ အတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)၏ ရှေ့မှောက်တွင် ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့ ဒေါ်ကေသက်မော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လင်းခေးမြို့ ပန်တဝိကျေးရွာ စာကြည့်တိုက်အဆောက်အအုံဖွင့် စာအုပ်များလှူဒါန်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

လင်းခေး ဖေဖော်ဝါရီ ၂၀

နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်ကျော်ဦးအဖွဲ့ ဦးဆောင်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်စိုးနှင့် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီခွဲက လင်းခေးမြို့နယ် လွိုင်လုံအုပ်စု ပန်တဝိကျေးရွာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပန်တဝိကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက် အအုံဖွင့်ပွဲကို ကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး အောင်ကျော်ဦး၊ မြို့နယ်ဥက္ကဋ္ဌဦးတင်စိုးနှင့်ကျေးရွာဥက္ကဋ္ဌ ဦးဂန္ဓမာတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ဆက်လက်ပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်ကျော်ဦး၊ နယ်မြေခံ တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး လွင်ဦးနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင်စိုးတို့က အဆိုပါ စာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းကြသည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်ကျော်ဦးနှင့် တာဝန်ရှိသူများသည် ပန်တဝိကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် အဆိုပါ ကျေးရွာအုပ်စုအတွင်းရှိမူလတန်းကျောင်း များအတွက် မြို့နယ်ပညာရေးပဒေသာပင် အလှူငွေဖြင့် ကျောင်းသုံးဗလာ စာအုပ်နှင့် စာရေးကိရိယာ ကျပ်ခြောက် သောင်းဖိုးကို လှူဒါန်းရာ သက်ဆိုင်ရာ ကျေးရွာအလိုက် ကျောင်းအုပ်ဆရာ ဆရာမများက လက်ခံရယူကြသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

လားရှိုးမြို့တွင်း အဝိုင်းပတ်မှ မန်ဆူဘုရားအထိ ပြည်ထောင်စု လမ်းမကြီး တစ်လျှောက် လမ်းဘေး ဝဲယာ ချုံနွယ်မြက်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ အမှိုက် သိမ်းဆည်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၅ရက်က ဒုတိယ ဦးစီးမှူး (သန့်) ဦးမျိုးဇော်ထွန်း ကြီးကြပ်ဆောင် ရွက်စဉ်။

(မြို့နယ်စည်ပင်)

ခရိုင်ချင်းဆက် ရေမြောင်းဆောက်ရွက်

ရေတာရှည် ဖေဖော်ဝါရီ ၁၅

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက် လမ်းအမှတ်(၂)တွင် သုံးပေအချင်း ကွန်ကရစ် ရေပြွန်ဆောင်ရွက်ထားမှုကို ဖေဖော်ဝါရီ ၁၀ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူး ဦးအေးချို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်မြင့်တို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

မူဆယ်မြို့နယ်တွင် ဆင်းရွှေလီ နွေစပါးကောက်စိုက် အထွက်နှုန်းတိုးရန် နည်းစနစ်များ ရှင်းလင်းဆွေးနွေး

မူဆယ် ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် မြို့နယ်တွင် ၂၀၀၆-၂၀၀၇ခုနှစ် အထူး အထွက်တိုး ဆင်းရွှေလီနွေစပါး ကောက်စိုက်ပွဲတော် အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက်က နောင်လောင်းအုပ်စု ကွင်းအမှတ်(၄၃) တောင်သူ ဦးစိုင်းရီအောင်၏ ၁ ဒသမ ၄၅ဧကရှိ လယ်မြေတွင် ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးကြည်ဝင်းက စိုက်ကေပြည့်မီရေးနှင့် နွေစပါးတစ်ဧကတင်း ၂၀၀ ကျော်ထွက်ရှိရေးအတွက် မှာကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ် မန်နေဂျာ ဦးမြင့်အောင်က အထွက်နှုန်းတိုးရန် စိုက်ပျိုးရမည့် နည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ၂၀၀၅-၂၀၀၆ နွေစပါးရာသီတွင် တစ်မြို့နယ်လုံး အကောင်းဆုံးလယ်သမား ပထမဆုရ တောင်သူ ဦးရွတ်ကျောင်းက နွေစပါး တစ်ဧက ၁၂၆ တင်း ထွက်ရှိအောင် စိုက်ပျိုးဆောင်ရွက်ခဲ့မှုကို ရှင်းလင်း တင်ပြရာ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နွေစပါးကောက်စိုက်ပွဲတော်ကို ကြည့်ရှုအားပေးကြသည်။

ကျင်းပ

အလားတူ နွေစပါးကောက်စိုက် ပွဲကို ဖေဖော်ဝါရီ၅ရက်က နောင်လောင်း အုပ်စု မန်ဟောင်းလွယ်ကျေးရွာရှိ အမှတ်(၂၅)ဦးပိုင်အမှတ်(၃၄)တောင်သူ ဦးအိုက်ကျောင်း၏ လယ်မြေနှစ်ဧကတွင် ကျင်းပခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ဂုန်လျှော်စိုက်ပျိုးရေး တာဝန်ပေးအပ်

ကျောင်းကုန်း မတ် ၅

၂၀၀၇-၂၀၀၈ ခုနှစ် ဂုန်လျှော် စိုက်ပျိုးရေးစီမံကိန်းတာဝန် ပေးအပ်ပွဲကို မတ် ၁ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားသည်။

ရှင်းလင်း

ဆက်လက်၍ မြန်မာ့ဂုန်လျှော် ပစ္စည်းလုပ်ငန်း မြို့နယ်မန်နေဂျာဒေါ်အေးအေးမူက ဂုန်လျှော်နှင့်ချည်ပေါင်လျှော် စိုက်ပျိုးထုတ်လုပ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က ကျေးရွာအုပ်စု ၂၆ အုပ်စု ကျေးရွာ ဥက္ကဋ္ဌများနှင့် နယ်မြေခေါင်းဆောင်တာဝန်ခံများအား တာဝန်များ အသီးသီးပေးအပ်သည်။ **(ဝဲပုံ)**

စိုက်ပျိုးမည်

၂၀၀၇-၂၀၀၈ ခုနှစ်တွင် တစ်မြို့နယ်လုံးတွင် ဂုန်လျှော်ဧက ၁၉၀ နှင့် ချည်ပေါင်လျှော်ဧက ၆၁၀ စုစုပေါင်း ဧက၈၀၀ စိုက်ပျိုးသွားမည်ဖြစ်သည်။ **(၂၆၅)**

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ဆပ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့သစ်လုပ်ငန်း အမှတ် (၆၃)သစ်စက်၌ လက်တွေ့မီးငြိမ်းသတ်မှု၊ ဓာတ်တိုက်လေ့ကျင့် သရုပ်ပြမှုကို မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် စက်ရုံသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၁ရက်က စက်ရုံအတွင်းကျင်းပရာ စက်ရုံမှူး ဦးထွန်းသိန်း၊ ဒုတိယစက်ရုံမှူး ဦးရွှေလှဝင်း၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးချစ်ကိုဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝ၄ဝ)

မင်္ဂလာလမ်းအပိုင်း(၂) ကတ္တရာထပ်ပိုးလွှာခင်း

ကျုံပျော် ဖေဖော်ဝါရီ ၁၅

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မင်္ဂလာလမ်းအပိုင်း (၂)ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးသန်းအေးနှင့်တာဝန်ခံအင်ဂျင်နီယာဦးကျော်ကျော်အောင်တို့က လုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့ ဈေးပိုင်းရပ်ကွက် နဂါးပွက်ကျောင်းလမ်း အမှတ်–၄၃နေ ဒေါ်ခင်ဆွေတင့် ၁၃/တကန(နိုင်)၀၂၆၅၁၇က တောင်ကြီးမြို့ သစ်တောရပ်ကွက် မင်္ဂလာတောင်ချွန်းလမ်း အမှတ်–၁၉၂နေ ဦးစောအောင်(ခ)ရှုံးထံ ၉/မမန (နိုင်) ၀၂၈၅၁၀အား လွှဲအပ်ထားသော ၁၅–၂–၂၀၀၇ရက်စွဲပါ စာချုပ်အမှတ် ၅၃/၂၀၀၇ အား ယနေ့မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

ဒေါ်ခင်ဆွေတင့်
၁၃/တကန(နိုင်)၀၂၆၅၁၇
တောင်ကြီးမြို့။

မွေးသက္ကရာဇ်အမှန်

ကလေးမြို့ အမက(၉) အဋ္ဌမတန်း (D) မှ မမန်းဆန်းကိမ်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၉–၁၁–၁၉၉၃) ဖြစ်ပါကြောင်း။

မမန်းဆန်းကိမ်။

အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးကြည်သန်း ၁၂/မဂဒ (နိုင်) ၀၆၄၃၀၉၏ သမီးဖြစ်သူ မနှင်းဝေအား မနှင်းဝေ(ခ) မတင်နီလာအောင်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်)၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်တွင် လေးထပ်စာသင်ဆောင်(၁)နှင့် (၂)၏ အပြင်ရှေ့မျက်နှာစာ ဆေးသုတ်ခြင်းလုပ်ငန်းများပြုပြင် ဆောင်ရွက်ရန်အတွက် လုပ်ငန်းအပ်နှံရန် ချိပ်ပိတ်တင်ဒါ ခေါ်ယူပါသည်။

၂။ တင်ဒါလျှောက်လွှာကို တက္ကသိုလ်ရှိ ငွေစာရင်းဌာနတွင် တစ်စောင်လျှင် ကျပ် ၃၀၀၀နှုန်း ပေးသွင်းထားသော ပြေစာဖြင့် အင်ဂျင်နီယာဌာနတွင် ရယူလျှောက်ထားနိုင်ပါသည်။

၃။ တင်ဒါပေးသွင်းမှုကို ၁၂–၃–၂၀၀၇ ရက် ၁ နာရီပိတ်မည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များကို အင်ဂျင်နီယာဌာနရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးကော်မတီ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။
ဖုန်း–၀၅၆–၂၁၈၇၂၊ ၂၁၈၇၃၊ ၂၁၈၇၄။

အမြန်ရောင်းမည်

အိမ်စီး/ကားသန့် ပါဘလစ်ကာ (၈၆)မော်ဒယ်အဖြူ
ဖုန်း–၀၉–၅၁၉၀၈၃၀
ရုံးချိန်ပြင်ပ ဖုန်း–၂၁၁၀၂၉၊ (ပွဲစားမလိုပါ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၅၊ နည်းဥပဒေ ၁နှင့်၅)
ရှမ်းပြည်နယ်တရားရုံး တောင်ကြီးမြို့၌

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်–၃၇

ဦးတင့်လွင်ပါ(၅)ဦး **နှင့်** ဒေါ်ခင်သန်းဦးပါ(၃)ဦး

တရားလို **တရားပြိုင်**

(ယခင်) ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် လမ်း(၃၀) အထက်ဘလောက် အမှတ်(၂၃၅) ဒုတိယထပ် (ယခုနေရပ်လိပ်စာမသိ) ဒေါ်ခင်ခင်ဝင်း(၃–တရားပြိုင်) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုရလို ကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၀၇ခုနှစ် မတ် ၁၉ရက် (၁၃၆၈ခုနှစ် တန်ခူးလဆန်း ၂ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၇ခုနှစ် မတ် ၁ရက်နေ့ ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြတ်မင်း
ရှမ်းပြည်နယ်တရားသူကြီး
တောင်ကြီးမြို့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်– ၃၂၃ (အမ်)

မန်နေဂျာ **နှင့်** ၁။ ဦးလှသောင်း
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်စိန်ရီ
ဝမ်းတွင်းမြို့။

တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ်၃၁၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် ဧပြီလ ၂၆ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၁၁ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်း တည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ်(၃)ရပ်ကွက် ကွင်းအမှတ်(၁၄၆၈) ဝမ်းတွင်းမြို့မကွင်း ဦးပိုင်အမှတ် (၂၁/၆၁) မြေကွက်အမှတ် (၁၈၇/၃၃၆) ဧရိယာ ၀ ဒသမ ၁၈ ဧကရှိ မြေ၊ ယင်းမြေကွက်ပေါ်ရှိ (၄၂ X၄၃)ပေ သွပ်မိုး၊ အုတ်ကာ၊ လူနေ နှစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း (၁၅၀)။
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်သန်း
တွဲဖက်တိုင်းတရားသူကြီး(၄)
မန္တလေးတိုင်းတရားရုံး။

အမည်ပြောင်း

ဦးဘိကူမားလ်၏သား မြစ်ကြီးနား တွဲဖက် အထက၊ ပလန နဝမတန်း (အေ)မှ မောင်ဇော်မွန်းအား မောင်ဟင်နရီဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟင်နရီ။

အဖအမည်မှန်

မြစ်ကြီးနားမြို့ တွဲဖက် အထက၊ ပလန နဝမတန်း(အေ)မှ မောင်ဟင်နရီ၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး ဖြစ်ပါသည်။

ဦးမောင်စိုး။

အမည်ပြောင်း

မြစ်ကြီးနားမြို့ အထက(၃) အဋ္ဌမတန်း (A) မှ အဖ ဦးတင့်ဌေး၏ သမီး မအေးငြိမ်းစံ အား မခင်စန္ဒာထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မခင်စန္ဒာထွန်း။

အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးသောင်းဖေ၏ သား ကျွန်တော် မောင်ကျော်စိုး ၅/ကလန(နိုင်)၀၃၇၁၄၆ [BE(EP)] အား မောင်ကျော်စိုး(ခ) မောင်ကျော်ဦးဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

မောင်ကျော်စိုး(ခ)မောင်ကျော်ဦး။

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ ၄က်ပျောတောလမ်း၊ တိုက်အမှတ် (၄၂)၊ နှစ်ခန်းတွဲ (၇)ထပ်တိုက်၏ မြေညီထပ်တိုက်ခန်း (ယာဘက်ခန်း) အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်ဖော်ပြပါ လိပ်စာရှိ မြေညီထပ်တိုက်ခန်း(ယာဘက်ခန်း) အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိနေထိုင် ပိုင်ဆိုင်သူများဖြစ်ကြသည့် ဦးကျော်စိုးသိန်း ၁၂/တကန(နိုင်)၀၃၀၉၆၆ နှင့် ဇနီးဖြစ်သူ ဒေါ်ချိုချိုထွန်း ၁၂/စခန(နိုင်)၀၅၆၂၁၃တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြောက်စနစ်ဖြင့် ဝယ်ယူရန်အတွက် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသော မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်ပါရန်နှင့် ကန့်ကွက်သူ မရှိပါက တိုက်ခန်းအရောင်းအဝယ်ကို အပြီးအပြတ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

ဦးရဲလင်း
အထက်တန်းရှေ့နေ (စဉ်–၆၁၀၀)
အမှတ်(၁၁၆၄/ခ)၊ (၁၄/ခ)လမ်း၊ (၇)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၅၀၀ ၁၈၀၁၊ ၂၂၇၆၂၃။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ထားဝယ်ခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်–၉

ဒေါ်မြနွဲ့ **နှင့်** ၁။ မချိုချိုဇော်
၂။ ကိုမြင့်ဇော်

တရားလို **တရားပြိုင်များ**

ထားဝယ်မြို့ ကရပ်ပြင်မြောက်ရပ် ဇော်ကလေးလမ်း အမှတ် ၈၃၂/က နေ (၁) မချိုချိုဇော်၊ (၂) ကိုမြင့်ဇော် (ယခု လောလောဆယ်နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြနွဲ့က မေတ္တာဖြင့် ကူညီပေးငွေကျပ် ၃၀၀၀၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၇ ခုနှစ်မတ်လ ၁၄ ရက် (၁၃၆၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့) မွန်းမတည့်မီ ၁၀နာရီ အချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၇ ခုနှစ် မတ် ၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မောင်အေး
ခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး။

ရောင်းရန်ရှိသည်

လက်ရှိ လည်ပတ်နေသော အပ်ချုပ်စက်များ သင့်တင့်သော ဈေးနှုန်းဖြင့် ရောင်းမည်။

ဆက်သွယ်ရန်–
ကိုဇော်မင်း ဖုန်း–၆၁၀၅၀၄။

ရောင်းမည်

ဘိုးဘွားပိုင်မြေ
ပေ ၁၅၀ X ပေ၁၂၀
ဆက်သွယ်ရန်–
ဖုန်း–၆၆၆၅၉၄။

ညှိနှိုင်းဈေးဖြင့်ရောင်းမည်

လက်ရှိအသုံးပြုလျက်ရှိသော ပီနံအိတ် ရက်ကန်းစက် (Circular Weaving Machine) များ၊ အမျှင်ဆွဲစက် (PP/HDPE FLAT YARN Making Machine) နှင့် ပီနံအိတ်ချုပ်ကြိုး ပြုလုပ်စက်အစုံလိုက် (စံချိန်မီထုတ်လုပ်နိုင်ပါသည်) တို့ကို ညှိနှိုင်းဈေးဖြင့် ဦးရာလူကို ရောင်းချမည်။

ဆက်သွယ်ရန်–
ဖုန်း–၀၉–၂၀၀–၂၉၉၅။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၈၉၀၁၂ Luojiaယာဉ် လက်ဝယ်ရှိသူ ဦးမျိုးဝဏ္ဏ ၉/မထလ (နိုင်)၁၇၉၈၇၁က (ကမ–၃)မိတ္တူ လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊(ခရိုင်ရုံး)
မိတ္ထီလာမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၃၄၅၈၄ Honda C90 G Economyယာဉ် လက်ဝယ်ရှိသူ ဒေါ်မြမြအေး LPN-၀၀၄၇၅၃ က (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ခရိုင်ရုံး)**
မိတ္ထီလာမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၃၈၈၄၂ Honda C90 H Custom ယာဉ် လက်ဝယ်ရှိသူ ဦးတင်မျိုးလွင် မှတ်ပုံတင်အမှတ် ၉/မကန (နိုင်) ၀၃၂၀၃၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့။

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၅ရက်က မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ ဆောင်ရွက်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဦးကြီးကြပ်၍ မြို့နယ်အတွင်းရေးမှူး ဦးမျိုးသန့်၊ ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်ဌေးဦးနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးဆောင်များ စုပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သာယာဝတီဈေး မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူးဦးအောင်အောင်ဖြိုးနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွေးတို့ ဦးဆောင်သော မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ဖေဖော်ဝါရီ ၁၉ ရက်က မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်စဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်စိုက်ပျိုးမှုကို ဇန်နဝါရီ ၁၃ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ်အတွင်းရေးမှူး ဦးကျော်နိုင်ဦးတို့ ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်က စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ထိန်းချုပ်ရေး အသိပညာပေးရှင်းလင်းပွဲ ကျင်းပ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်မှာကြား

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ထိန်းချုပ်ရေး အသိပညာပေးရှင်းလင်းပွဲကို ယမန်နေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် ကမ္ဘာပေါ်၌ ကြက်ငှက်တုပ်ကွေးရောဂါသည် ကြက်၊ ငှက် တိရစ္ဆာန်များ၌သာမက လူများတွင်လည်း ကူးစက်ဖြစ်ပွားစေသည်ကို တွေ့ရှိရကြောင်း၊ ဆောင်းခို ရေပျော်ငှက်ရိုင်းများမှ သယ်ဆောင်လာသော ရောဂါပိုးများသည် ဒေသငှက်တိရစ္ဆာန်များဖြစ်သော ကျီးကန်း၊ ဇီးကွက်၊ ခို၊ စာကလေးများနှင့် ကြက်များသို့ ကူးစက်ခြင်းဖြစ်ကြောင်း၊

စာမျက်နှာ ၁၂ ကော်လံ ၁

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ထိန်းချုပ်ရေး အသိပညာပေးရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အသင်းဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ဝက်လက်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် မတ် ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၄ ရက် နံနက်ပိုင်းက ရွှေဘိုမြို့ ဆည်မြောင်းဧည့်ရိပ်သာ၌ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်နှင့် ရွှေဘို၊ ကန့်ဘလူ၊ ရေဦး၊ ခင်ဦး၊ တန့်ဆည်၊ ဒီပဲယင်းမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အမှုဆောင်များအား တွေ့ဆုံ၍ အသင်းကိစ္စရပ်များ မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဝက်လက်မြို့နယ် နွေရာသီ လူငယ်သင်တန်းပေါင်းစုံဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သင်တန်းပေါင်းစုံဖွင့်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ဝက်လက်မြို့နယ်အသင်းရုံးခန်းမ၌ကျင်းပသော နွေရာသီ လူငယ်သင်တန်းပေါင်းစုံ ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ထောက်ပံ့ငွေပေးအပ်သည်။ ဝက်လက်မြို့နယ်အတွင်း ယခုနှစ် နွေရာသီကျောင်းပိတ်ရက် ကာလတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ နွေရာသီလူငယ်သင်တန်း ၁၄ မျိုး ဖွင့်လှစ်မည်ဖြစ်ပြီး လူငယ် ၂၂၀၀၀ ကျော် တက်ရောက်ကြမည်ဖြစ်သည်။

ကျေးရွာမှခ်ဦးဖွင့်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ဝက်လက်မြို့နယ်ဆားတောင်နီကျေးရွာတွင် ကျင်းပသော ကျေးရွာမှခ်ဦးဖွင့်ပွဲသို့ တက်ရောက်၍ အလှူရှင် ပြည်ကြီးတံခွန်မြို့နယ် ငြိမ်းချမ်းရွှေပြည်စာသင်တိုက် ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် ဘဒ္ဒန္တပညာနန္ဒနှင့်အတူ ကျေးရွာဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကာ ဗဟိုအလုပ်အမှုဆောင်က ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ပေးလှူသည်။

စာမျက်နှာ ၉ ကော်လံ ၁

မိုးလေဝသအခြေအနေ

၈-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး